# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

e - paper ဖတ်ရှုရန်


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 5 August 2026 ၁၂၆၁


**ယနေ့ ဖတ်စရာ**

**မြန်မာ-အိန္ဒိယ ဆေးဝါး စံချိန်စံညွှန်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် FDA နှင့် IPC တို့ ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ**


စာမျက်နှာ ၈


**ကုလားပဲ 929 နှင့် V3 များ ပါကစ္စတန်နိုင်ငံသို့ တင်ပို့ရန် မုံရွာကုန်သည်များ ပြင်ဆင်လျက်ရှိ**


စာမျက်နှာ ၉


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညိုစော၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ○




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# လေးမျက်နှာမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝေန်မြစ်ရေကာတာကျိုးပေါက်ကာ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



လေးမျက်နှာမြို့နယ်၌ နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝေန်မြစ်ရေကာတာ ကျိုးပေါက်မှုဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၇ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ရေကာတာကျိုးပေါက်မှု ဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးကူညီကယ်ဆယ်ရေးစခန်း ၁၃ ခု ဖွင့်လှစ်ထားရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻


## ယနေ့မိုးလေဝသ (၅ - ၈ -၂၀၂၆)

နေပြည်တော် နှင့် အနီး တစ်ဝိုက် → မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီး တစ်ဝိုက် → မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီး တစ်ဝိုက် → မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

# ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်

နေပြည်တော် ဩဂုတ် ၄

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်၊ ကုန်းဘောင်ခေတ်၊ ဝေသာလီခေတ်နှင့် မြောက်ဦးခေတ်လက်ရာများဖြစ်သည့် ရွှေပန်းကနုတ်အပိုင်းအစ၊ ငွေဒင်္ဂါး၊ ကျောက်ကွင်း၊ ကျောက်ပုတီးစေ့၊ ကြေးအလေး၊ ကြေးခလောက်၊ ကြေးသတ္တုစပ်ပြား၊ မြေထည်ပစ္စည်းများ စသည့် ရှေးဟောင်းဝတ္ထုပစ္စည်းအရေအတွက် စုစုပေါင်း ၁၁၇၃ ခုကို အပ်နှံခဲ့ခြင်းအတွက် အပ်နှံပေးသူများကို ဆုကြေးချီးမြှင့်ငွေကျပ် ၁၀၄၉ သိန်းကျော်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

နေပြည်တော် ပျဉ်းမနားမြို့နယ် ပန်းခင်း(၃)လမ်းနေ ဦးဝင်းကိုကို၊ နေပြည်တော် ပျဉ်းမနားမြို့ နယ် သဲကျွန်းကျေးရွာမှ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျောက်တိုင်ကျေးရွာမှ ဦးရဲရင့်ဇော်၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာမှ


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖




**ကလေးငယ်များအတွက် သတိပြုသင့်သော သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်**


ဆောင်းပါး စာမျက်နှာ ၆

ကြေးမုံ

# နိုင်ငံအတွက် အကျိုးများစွာရှိသည့် စက်သုံးဆီချွေတာရေးတွင်ပါဝင်

ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများနှင့် အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် လက်ရှိကာလတွင် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအားလုံး စက်သုံးဆီပြတ်လပ်မှုများနှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုအခြေအနေများကို ရင်ဆိုင်ခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း စက်သုံးဆီနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ရပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ သွားလာဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် စက်သုံးဆီအခက်အခဲများမဖြစ်ပေါ်စေရန် အစီအမံများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ယနေ့ကာလတွင် စက်သုံးဆီနှင့်ပတ်သက်၍ အခက်အခဲများမရှိဘဲ အားလုံးအဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ကြပြီဖြစ်သည်။

စက်သုံးဆီအမျိုးမျိုးကို အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရန်နှင့် နိုင်ငံတော်အတွက် အဘက်ဘက်၌ ပိုမိုကောင်းမွန်လာစေရေးအတွက် စက်သုံးဆီခြိုးခြံချွေတာရေးအစီအမံများကို ချမှတ်ဆောင်ရွက်ခဲ့ရာတွင် မော်တော်ယာဉ်အသုံးပြုသူများအနေဖြင့် အခက်အခဲ ကြီးကြီးမားမားမရှိဘဲ သင့်တင့်လျောက်ပတ်လျော်ကန်သည့် အခြေအနေတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်ကို တွေ့ရသည်။ သို့သော် မော်တော်ယာဉ်များ စုံရက်၊ မရက် သတ်မှတ်ပြီး မောင်းနှင်စေခြင်းကြောင့် မော်တော်ယာဉ်သုံးစွဲသူအချို့ အခက်အခဲရှိကြောင်း သိရသည်။ ယင်းနှင့်ပတ်သက်၍ လွှတ်တော်တွင် တင်ပြဆွေးနွေးမှုများရှိခဲ့သည်။ ချမှတ်ဆောင်ရွက်လျက်ရှိသော စက်သုံးဆီမူဝါဒသည် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်၍ လိုက်ပါဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားရာတွင် "စက်သုံးဆီချွေတာရေးကို အမျိုးသားရေးမူဝါဒတစ်ရပ်အဖြစ် လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မော်တော်ယာဉ်များကို စုံရက်၊ မရက်သတ်မှတ်ပြီး မောင်းနှင်စေခြင်း၊ ဗုဒ္ဓဟူးနေ့တွင် Work from Home ဆောင်ရွက်စေခြင်းတို့ဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ခဲ့ကြောင်း၊ ထိုသို့ လျှော့ချနိုင်သည့်အတွက် တစ်ရက်လျှင် စက်သုံးဆီ ဂါလန် ၁ ဒသမ ၂ သန်း သက်သာစေခဲ့သည့်အတွက် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ခုနစ်သန်း၊ တစ်လလျှင် ဒေါ်လာသန်း ၂၁၀ သက်သာခဲ့ပြီး လက်ရှိအချိန်အထိ စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော် သက်သာစေခဲ့ကြောင်း၊ ပြည်သူလူထုက ပူးပေါင်းပါဝင်ပေးခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း" ပြောကြားခဲ့သည်။

လက်ရှိအနေအထားတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုသည် ကမ္ဘာ့နိုင်ငံရေးအခြေအနေများနှင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် စက်သုံးဆီနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို ကြုံတွေ့နေရသည်။ အရှေ့အလယ်ပိုင်းပဋိပက္ခဖြစ်ပွားနေချိန်တွင် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုများနှင့် စက်သုံးဆီပြတ်လပ်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ ၂၀၂၄ ခုနှစ်တွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၄ ဒေါ်လာဝန်းကျင်ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၂ ဒေါ်လာဝန်းကျင်ရှိခဲ့သည်။ ၂၀၂၆ ခုနှစ်နောက်ပိုင်း အရှေ့အလယ်ပိုင်းပဋိပက္ခဖြစ်ပွားလာသည့်အခါတွင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၂၆ ဒေါ်လာအထိ မြင့်တက်လာခဲ့သည်။ ထို့ကြောင့် စက်သုံးဆီအပေါ် မှီခိုနေရသည့် စီးပွားရေးလုပ်ငန်းများအားလုံး၏ ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်မားလာခဲ့သလို လူမှုစီးပွားဘဝများတွင်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမှုနှင့်အတူ ပြည်သူများကြားတွင်လည်း မော်တော်ယာဉ်သုံးစွဲမှုများ များပြားလာခဲ့သည်။ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်ရောင်းဝယ်ဖောက်ကားသုံးစွဲမှုများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုထားပြီး မော်တော်ယာဉ်အရေအတွက်မှာလည်း သိန်းပေါင်းများစွာတိုးတက်များပြားလာသည်။ မြန်မာနိုင်ငံအနေဖြင့် အသုံးပြုနေသော မော်တော်ယာဉ်များအားလုံးနှင့် အခြားလူမှုစီးပွားရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ငါးဘီလီယံခန့်တန်ဖိုးရှိသည့် စက်သုံးဆီအမျိုးမျိုးကို ပြည်ပမှ တင်သွင်းနေရသည်။ ငါးဘီလီယံခန့်တန်ဖိုးကို နိုင်ငံတော်က ထုတ်နုတ်အသုံးပြုရသဖြင့် နိုင်ငံခြားငွေ အခက်အခဲဖြစ်ပေါ်စေသည်။ အဆိုပါအခက်အခဲကို ကျော်လွှားနိုင်ရန် စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီချွေတာရေးကို အမျိုးသားရေးမူဝါဒတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင်ဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများနှင့် အရှေ့အလယ်ပိုင်းဒေသတွင်ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်မှုနှင့် ပြတ်လပ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်နှင့် အများပြည်သူသွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် စက်သုံးဆီအသုံးပြုမှုနှင့်ပတ်သက်၍ အမျိုးသားရေးမူဝါဒတစ်ရပ် ချမှတ်ဆောင်ရွက်ခြင်းသည် လျော်ကန်သင့်မြတ်သည့်အစီအမံဖြစ်သည့်အပြင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို များစွာအကျိုးပြုသဖြင့် စက်သုံးဆီခြိုးခြံချွေတာရေးအစီအစဉ်များတွင် ပြည်သူများအနေဖြင့် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)




" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

## (၄-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၅,၇၈၉,၈၂၈.၅၆ | ၁,၃၆၅,၆၇၈.၂၉ | ၇၉,၂၆၅,၁၉၃.၀၅ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ထုပ်ပိုးမှုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စားသုံးကုန်စည်၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၃,၀၀၈.၀၀ အား CMP ကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅.၀၀ သန်းအား LNG ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၄ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၃၈၈ | ၆,၉၈၄,၅၀၀ |
| MTSH | ၉,၀၀၀ | ၈,၇၀၀ | ၁,၉၀၂ | ၁၆,၇၄၅,၆၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၆၅၇ | ၈,၄၇၆,၀၀၀ |
| FPB | ၆,၇၀၀ | ၆,၇၀၀ | ၁,၂၂၆ | ၈,၂၁၄,၂၀၀ |
| TMH | ၃,၉၀၀ | ၃,၆၀၀ | ၂၄၃ | ၉၀၈,၄၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၂,၇၁၅ | ၅,၃၆၉,၆၀၀ |
| AMATA | ၄,၂၀၀ | ၄,၁၀၀ | ၉၀ | ၃၇၅,၂၀၀ |
| MAEX | ၆,၄၀၀ | ၆,၅၀၀ | ၃,၀၂၈ | ၁၉,၆၄၁,၈၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၃၀၀ | ၇,၀၉၀ | ၄၄,၄၆၉,၆၀၀ |
| ASPGB(PLB) | ၈,၃၀၀ | ၇,၇၀၀ | ၂၁,၇၅၆ | ၁၇၁,၃၅၃,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

○ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်တို့ တက်ရောက်ကြပြီး “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့်အတူ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ယခုနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး မဖြစ်မနေကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးကို ဖိတ်ခေါ်ဆွေးနွေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ထိုသို့ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်ချိန်တွင် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) မှ ယခုကဲ့သို့ လာရောက် တွေ့ဆုံခဲ့ခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် ကောင်းမွန်သည့် လုပ်ဆောင်ချက်ဖြစ်မှု အခြေအနေများ၊ ၁၉၈၉ ခုနှစ်တွင် တပ်မတော်နှင့် “ဝ”အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ခဲ့မှု အခြေအနေများ၊ နိုင်ငံတော်အနေဖြင့် ပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ထာဝရငြိမ်းချမ်းရေး ရရှိရန် လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် အညီ ဦးတည်လျှောက်လှမ်း ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ (UWSA) “ဝ”အဖွဲ့အနေဖြင့် နိုင်ငံတော်ကို မိဘကဲ့သို့ သဘောထားမှုနှင့် မိဘဖြစ်သည့် နိုင်ငံတော်၏ စောင့်ရှောက်မှုအောက်တွင် မိမိတို့သားသမီးများက မိမိတို့ဒေသဖွံ့ဖြိုး တိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း လုပ်ဆောင်ရန် ခံယူချက်ထားဆောင်ရွက်နေမှု အခြေအနေများ၊ “ဝ” ဒေသအတွင်း ပညာရေးကဏ္ဍ တိုးတက်ရေး ဆရာ ဆရာမများနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးကဏ္ဍတိုးတက်ရေး ဆေးရုံများ အဆင့်မြှင့်တင်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် လမ်းပန်းဆက်သွယ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေး ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်း အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အပြီးတိုင်ချုပ်ငြိမ်းပပျောက်စေရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ (UWSA) “ဝ” အဖွဲ့အနေဖြင့်လည်း ဒေသအတွင်း အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဖိဖိစီးစီး ကြပ်မတ်နှိမ်နင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် “ဝ” ဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတက “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နိုင်ငံတော်သမ္မတထံ “ဝ”ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



### ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “ဝ” ပြည်သွေးစည်းညီညွတ်ရေး ပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေး ပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းတို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

✻ လေးမျက်နှာမြို့နယ်မှ

ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စား ပြိုကျမှုမှ ကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လှည်းဆိပ်စံပြကျေးရွာ၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေး

**ကျောင်းကုန်း ဩဂုတ် ၄**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် လှည်းဆိပ်စံပြကျေးရွာ ရွှေဘုန်းမြင့် ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကုသပေးကြသည်။

ကွင်းဆင်း ဆေးကုသရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းစန်းမိုး၊ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ အားပေးသည်။



အဆိုပါ ကွင်းဆင်းကုသမှုအစီအစဉ်တွင် အထွေထွေရောဂါ အထူးကုလူနာ ၁၀၃ ဦး၊ ခွဲစိတ်လူနာ၁၇ဦး၊ သားဖွားမီးယပ်လူနာ ၂၄ဦး၊ အရိုးနှင့် ထိခိုက်ဒဏ်ရာလူနာ ၄၁ ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်ခြင်း ၃၉ ဦး၊ သွားနှင့် ခံတွင်းလူနာ ၂၉ ဦး၊ ကလေးလူနာ ၂၀၊ စုစုပေါင်းလူနာ ၂၇၃ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၄

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP)တို့ ဒုတိယနေ့ တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ “ဝ” ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်း၊ ၁၇၁ စစ်ဒေသနိုင်ငံရေးမှူး ဦးထင်ဆမ်ရှန်း၊ တပ်မဟာ ၄၈၅ တပ်မဟာမှူး ဦးပေါက်ကျွင်းလုံ၊ တပ်မဟာ ၄၆၈ နိုင်ငံရေးမှူး ဦးကျောက်ရောက်ဖူ၊ ဒုတိယစစ်ဦးစီးမှူး ဦးလီကော်ဖျင်နှင့် လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးကျောက်ညီရန်း တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပထမရက်၌ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည်များအား ဆွေးနွေးပြီးနောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင်ကြသည်။

ထို့နောက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ပြည်ထောင်စုမပြိုကွဲရေးနှင့် ခွဲမထွက်ရေး၊ ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာကိစ္စရပ်များ၊ လက်တွေ့ပူးပေါင်း ဆောင်ရွက်မှုများမှ တစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်ရေး၊ နှစ်ဖက်ခေါင်းဆောင်များ သီးသန့်တွေ့ဆုံဆွေးနွေးမှုမှ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မှု အခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေး ညှိနှိုင်းချက်များအရ ညှိနှိုင်းရရှိချက်များအား မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။ ဆက်လက်၍ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက ကျေးဇူးတင်စကား ပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး နှစ်ဦးနှစ်ဖက်မှ နိုင်ငံတော်ငြိမ်းချမ်းရေး တည်ဆောက်မှု၊ ဒေသတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး ကောင်းမွန်သော ဆွေးနွေးညှိနှိုင်းမှုရလဒ်များ ရရှိခဲ့ပါကြောင်း၊ နိုင်ငံရေး နည်းလမ်းဖြင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန်၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် သဘောတူညီမှုများ တည်ဆောက်ရန်နှင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို မြဲမြံစွာ လျှောက်လှမ်းရန် ထောက်ခံပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးများနှင့် လူမှု အဖွဲ့အစည်းအားလုံးက အချင်းချင်းသည်းခံမှု၊ အတူယှဉ်တွဲနေထိုင်မှု အယူအဆကို လက်ကိုင်ထားကာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ကူညီဖေးမမှုတို့ဖြင့် နေထိုင်ကြရန် စိတ်ရင်းမှန်ဖြင့် မျှော်လင့်ပါကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် အတူယှဉ်တွဲနေထိုင်မှုသည် နိုင်ငံတော်၏ ရေရှည်တည်ငြိမ် အေးချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ သည်းခံမှု၊ အပြန်အလှန် ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုကို အမြဲတစေလိုက်နာပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီနှင့် ပုံမှန်ဆက်သွယ်မှုထားရှိကာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်မှုရှိသော အခင်းအကျင်းကို အတူတကွထိန်းသိမ်းသွားရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ တွန်းအားပေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နှစ်ရက်တာ ဆွေးနွေးမှုများကို နက်နက်ရှိုင်းရှိုင်းဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်သည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်ကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) သည် မြန်မာ – တရုတ် နယ်နိမိတ်အနီးတွင် တည်ရှိပြီး သံတမန်ဆက်ဆံရေး အတွက်လည်း အရေးကြီးသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့နှစ်ဖွဲ့ အမြဲမပြတ် ထိတွေ့ဆက်ဆံခြင်းသည် မြန်မာ – တရုတ် ဆက်ဆံရေး အတွက် အရေးကြီးသည့် အထောက်အပံ့ ဖြစ်ပါကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် NSPNC အမြဲထိတွေ့ဆက်ဆံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ “ဝ” တိုင်းရင်းသားများသည်လည်း မြန်မာနိုင်ငံတိုင်းရင်းသားများ ဖြစ်သည့်အတွက် ဆက်လက်ပြီး ကူညီပံ့ပိုးဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ NSPNC အနေဖြင့် မည်သည့် တိုင်းရင်းသားမဆို တိုင်းရင်းသားညီအစ်ကိုရင်းချာသဖွယ် သတ်မှတ်ပြီး တန်းတူဆွေးနွေး ဆောင်ရွက်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် အလွန်တန်ဖိုးရှိသည့် ခြေလှမ်းတစ်ခုဖြစ်ပြီး အနာဂတ်အတွက်မျှော်လင့်ချက်များစွာရှိသည့် ခြေလှမ်းများကို ရှေ့ဆက်လက်လျှောက်လှမ်းနိုင်ရေး အစပြုခြင်းဖြစ်ပါကြောင်း ပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ရှေးဟောင်းမှ**




ဦးဝင်းမင်းထွန်း၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာမှ ဦးစိုးမင်း၊ မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ရာဇာဓိရာဇ်လမ်းနေ ဦးညဏ်လင်းထက်တို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ လာရောက်အပ်နှံခဲ့သည့်အတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို အကြောင်းအမျိုးမျိုးဖြင့်တွေ့ရှိခြင်းဖြင့် သော်လည်းကောင်း၊ ဝါသနာအလျောက် စုဆောင်းထားခြင်းဖြင့်သော်လည်းကောင်း ရရှိသိမ်းဆည်းထားပြီး နိုင်ငံတော်သို့ အပ်နှံပါက ရှေးထည်ပစ္စည်းများဖြစ်ပါက ပညာရှင်အဖွဲ့၏ စိစစ်သုံးသပ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အရည်အသွေးစစ်ဆေး၍ အရည်အသွေးနှင့် အလေးချိန်ကို ယင်းနေ့ ပြင်ပပေါက်စျေးဖြင့် မူလတန်ဖိုး တွက်ချက်၍ ပျူခေတ်လက်ရာ ပစ္စည်းများဆိုပါက မူလတန်ဖိုးများအပြင် ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၈၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၈၀ အထိအပြင် ထပ်ဆောင်းတန်ဖိုးပါ ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပုဂံခေတ်လက်ရာ ပစ္စည်းများဖြစ်ပါက ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၇၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၇၀ အထိအပြင် ထူးခြားရှားပါးသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထပ်ဆောင်းတန်ဖိုးအဖြစ် ကာလတန်ဖိုး၏ ရာခိုင်နှုန်း ၄၀ မှ ၈၀ အထိ ထပ်မံချီးမြှင့်ပေးသည့်အတွက် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အနည်းဆုံး ခေတ်ကာလပေါက်စျေး၏ နှစ်ဆခွဲမှ သုံးဆခွဲကျော်အထိ ဆုကြေးငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် တိုင်းပြည်၏ ဂုဏ်သိက္ခာနှင့် ခိုင်မာသည့် သမိုင်းသက်သေများဖြစ်သဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် အရေးကြီးကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရာတွင် ပြည်သူလူထု၏ တာဝန်သိစိတ်နှင့် ပူးပေါင်းပါဝင်မှုသည် ပဓာနကျပြီး ယခုကဲ့သို့ စီးပွားရေးအကျိုးအမြတ်ထက် နိုင်ငံတော်အတွက် ရှေးဟောင်းပစ္စည်းများကို စေတနာအပြည့်ဖြင့် လာရောက်အပ်နှံခဲ့ကြသည့် ပြည်သူများ၏ အမျိုးသားရေးအသိကို လေးစားဂုဏ်ယူပါကြောင်း၊ အပ်နှံခဲ့သည့်ပစ္စည်းများကို အမျိုးသားပြတိုက်များတွင် စနစ်တကျ ထိန်းသိမ်းပြသသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ရှေးဟောင်းပစ္စည်းများ တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ ဆက်သွယ်အပ်နှံကြရန်နှင့် သတင်းပေးပို့ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ **သတင်းစဉ်**

## ပေါက်ခေါင်းမြို့နယ်၌ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးဆောင်ရွက်



ပေါက်ခေါင်း ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးအဖြစ် မြို့နယ် နှစ်မြို့နယ် သမဝါယမအသင်း သုံးသင်း၊ အသင်းသား ၁၁၂ ဦး ပိုင်ဆိုင်သည့် လယ်ယာမြေ ၃၁၃ ဒသမ ၅ ဧကအား Pilot Project အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပေါက်ခေါင်းမြို့နယ် ဝက်တိုးကျေးရွာအုပ်စု ရတနာတိုး မျိုးစေ့ထုတ် သမဝါယမအသင်းလီမိတက် အသင်းသားတောင်သူ ၅၃ ဦး ပိုင်ဆိုင်သည့် ကွင်းအမှတ်(၆၉၉)ရှိ တစ်ဆက်တစ်စပ်တည်း လယ်ဧက ၁၀၀ ဒသမ ၅ ဧကတွင် အောင်နိုင်သစ္စာကုမ္ပဏီနှင့် ပူးပေါင်း၍ မိုးစပါးများကို ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသန်းထူးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူကြီးများ တက်ရောက်ကြည့်ရှုအားပေးပြီး ပံ့ပိုးငွေကျပ် ၆၀၃ သိန်းနှင့် ညီမျှသော မျိုးနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအနေဖြင့် ဆုံးဖြတ်ချက် ၄၈ ခုကို ချမှတ်နိုင်ခဲ့ပြီး ဆုံးဖြတ်ချက်များအနက် ၄၄ ခုကို ဆောင်ရွက်ပြီးစီးပြီဖြစ်

နေပြည်တော် ဩဂုတ် ၄

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအနေဖြင့် ဆုံးဖြတ်ချက် ၄၈ ခုကို ချမှတ်နိုင်ခဲ့ပြီး ဆုံးဖြတ်ချက်များအနက် ၄၄ ခုကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအစည်းအဝေး(၁/၂၀၂၆) အစည်းအဝေး ဆုံးဖြတ်ချက်လေးခုကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည့် မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်ရွေးချယ်ရေး အစည်းအဝေးမှ သိရသည်။

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီကို မူပိုင်ခွင့်ပညာရှင်လေးဦး အပါအဝင် အဖွဲ့ဝင်စုစုပေါင်း ၁၈ ဦးဖြင့် ဖွဲ့စည်းထားခဲ့ပြီး မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီနည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကာ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအတွက် မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ ထပ်မံခန့်အပ်နိုင်ရန် မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်ရွေးချယ်ရေးအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်လေးဦးကို ခန့်အပ်နိုင်ရန် အသင်းအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန် စိတ်ဝင်စားသူများကို ဖိတ်ခေါ်ခဲ့ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီအားလိုအပ်သည်များကို ပြင်ဆင်ဖွဲ့စည်းနိုင်ရန် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီသို့ တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါသဖြင့် မူပိုင်ခွင့်ဆိုင်ရာပညာရှင်လေးဦးကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ပြီးပါက မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီတွင် ထည့်သွင်းဖွဲ့စည်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ပြောကြားသည်။

အစည်းအဝေးတွင် အေဂျင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် သင့်လျော်သည့် ပညာရှင်များကို ရွေးချယ်နိုင်ရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည့်အပြင် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ ပြင်ဆင်ဖွဲ့စည်းပြီးပါက နိုင်ငံ့ဝန်ထမ်းမဟုတ်သော မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်သတ်မှတ်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့

ပုသိမ် ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာနေ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာ၊ စားသုံးဆီ၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ ရေသန့်၊ ဆေးဝါးနှင့် အခြားစားသောက်ဖွယ်ရာများကိုဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဧရာဝတီ ဖောင်ဒေးရှင်းတို့က ယနေ့ သွားရောက်ထောက်ပံ့ပေးအပ်သည်။

ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများက တွေ့ဆုံထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် ဧရာဝတီ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတို့က အားပေးစကားပြောကြား၍ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ လေးမျက်နှာ-အိုင်သပြု-ငါးသိုင်းချောင်းလမ်းပေါ်တွင် ရေတိုက်စားမှုကြောင့်ပျက်စီးခဲ့သည့် တံတားအမှတ်(၁/၆) ပျက်စီးမှုအခြေအနေနှင့် ယာယီဘေလီတံတားတည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လေးမျက်နှာမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ရေဝင်ရောက်မှု ဖြစ်ပွားချိန်မှစ၍ ဌာနဆိုင်ရာများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပရဟိတအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များကလည်း ကွပ်ကဲရေးရုံးများနှင့် ချိတ်ဆက်၍ ထောက်ပံ့ပစ္စည်းများကို နေ့စဉ်လာရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တွံတေးမြို့နယ်၌ စက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

တွံတေး ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို ဩဂုတ် ၁ ရက်က တွံတေးမြို့နယ် တကလှဲ့ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ ဒေါ်စုစုမင်းနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် ဆုရရှိသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးတို့က ထောက်ပံ့ရေးပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် သန်လျင်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရွှေဇင်အေးက သင်တန်းနည်းပြအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၁၆ ဦးတက်ရောက်ခဲ့ကာ သင်တန်းကို ဇူလိုင် ၉ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



# မြဝတီမြို့၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေး



မြဝတီ ဩဂုတ် ၄

ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ဖြည့်စွက် အာဟာရများကို ကျွေးမွေးလှူဒါန်းသည်။

**လှူဒါန်းခဲ့**

ထိုသို့ အာဟာရဖြည့် အစားအစာများ ကျွေးမွေးရာ၌ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်ကြီးကြပ်မှုဖြင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာလာအောင်နှင့် ကျောင်းအကျိုးတော်ဆောင်များနှင့် ဆရာ ဆရာမများ ပူးပေါင်းဆောင်ရွက်၍ KG ကျောင်းသား ကျောင်းသူ ၁၆၁ ဦးတို့အား အာဟာရဖြည့် အစားအစာများဖြစ်သည့် ထမင်း၊ သီးစုံပဲဟင်း၊ အာလူး၊ မုန်လာဥနီ၊ ကြက်ဥပြုတ်တို့ကို ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# မင်းတုန်းမြို့နယ်၌ မြက်မျိုးစေ့(မွန်ဘားဆား) တစ်ကေအတွက် ဖြန့်ဖြူးပေးအပ်

မင်းတုန်း ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ယမန်နေ့နံနက်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် မြက်မျိုးစေ့(မွန်ဘားဆား) တစ်ဧကအတွက် မျိုးစေ့နှင့် ထွန်ယက်စိုက်ပျိုးစရိတ်ပေးအပ်ရာ တံတားကျေးရွာနေ တောင်သူတစ်ဦးက လက်ခံရယူသည်။

**စိုက်ပျိုးစရိတ်ပေးအပ်**

အဆိုပါ မွန်ဘားဆားမြက်သည် မွေးမြူသော တိရစ္ဆာန်များ အရွယ်ရောက် မြန်စေခြင်း၊ သားအောင်နှုန်း သားပေါက်နှုန်း ကောင်းမွန်ခြင်း၊ အာဟာရပြည့်ဝခြင်း၊ အစာရှားပါးချိန်တွင် သိုလှောင်၍ ကျွေးမွေးနိုင်ခြင်းနှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစွာဖြင့် နို့နှင့်အသားထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေ



ရန် ရည်ရွယ်၍ မွန်ဘားဆားမြက်မျိုးစေ့နှင့် ထွန်ယက်စိုက်ပျိုးစရိတ် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

ထာဝရကုသိုလ်ရယူဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

# ကလေးငယ်များအတွက် သတိပြုသင့်သော သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်

လှိုင်မျိုးအောင် (ဟိုင်းကြီးကျွန်း)



မိုးရာသီကာလ ရောက်ရှိလာသည်နှင့်အမျှ မြန်မာနိုင်ငံတစ်ဝန်းတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများ မြင့်တက်လာတတ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် Dengue Virus ကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး အေးဒိစ်အမျိုးအစားခြင်များမှ လူသို့ကူးစက်ပျံ့နှံ့ခြင်းဖြစ်သည်။ မိုးရာသီတွင် ရေတင်ကျန်နေသောနေရာများ များပြားလာသဖြင့် ခြင်ပေါက်ပွားရန် အခွင့်အလမ်းများလာကာ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာရခြင်းဖြစ်သည်။ အထူးသဖြင့် မိုးဦးရာသီမှစတင်၍ မိုးလယ်နှင့် မိုးနှောင်းကာလများတွင် သွေးလွန်တုပ်ကွေးရောဂါ ပိုမိုဖြစ်ပွားတတ်ကြောင်း တွေ့ရှိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ယနေ့ ကမ္ဘာတွင် အမြန်ဆုံးတိုးပွားလာနေသော mosquito-borne disease များထဲမှ တစ်ခုဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် သမိုင်းတစ်လျှောက် အကြီးမားဆုံးကူးစက်ဖြစ်ပွားမှုကို ကြုံတွေ့ခဲ့ရသည်။ ရာသီဥတုပြောင်းလဲမှု၊ မြို့ပြတိုးတက်မှုနှင့် ခြင်ပေါက်ပွားမှုများကြောင့် အနာဂတ်တွင် ပိုမိုတိုးလာနိုင်ကြောင်း WHO က သတိပေးထားသည်။

**သန့်ရှင်းရေးအားနည်းမှုနှင့် ကျန်းမာရေးအသိပညာလိုအပ်ချက်များကြောင့် ရောဂါဖြစ်ပွားမှုများ ရှိနေဆဲဖြစ်**

မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် လူနေထူထပ်သော မြို့ပြဒေသများနှင့် ရေတင်ကျန်နိုင်သောဒေသများတွင် ပိုမိုတွေ့ရှိရသည်။

> **❛ လက်ရှိ ၂၀၂၆ ခုနှစ်တွင်လည်း မိုးရာသီကာလရောက်ရှိလာခြင်းနှင့်အတူ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်ခြေများမြင့်တက်လာနေကြောင်း WHO နှင့် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများက သတိပေးထားပြီး မြန်မာနိုင်ငံအတွင်း ဒင်ဂီရောဂါအပါအဝင် ခြင်မှတစ်ဆင့် ကူးစက်သောရောဂါများ မြင့်တက်လာနေကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်ကာ သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ် ❜**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရောဂါဖြစ်ပွားမှုများကို မကြာခဏတွေ့ရသည်။ ထို့ပြင် ကျေးလက်ဒေသများတွင်လည်း သန့်ရှင်းရေးအားနည်းမှုနှင့် ကျန်းမာရေးအသိပညာလိုအပ်ချက်များကြောင့် ရောဂါဖြစ်ပွားမှုများ ရှိနေဆဲဖြစ်သည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ရပ်ကွက်နှင့် ကျေးရွာများအတွင်း ခြင်ပေါက်ပွားရာနေရာများ ဖယ်ရှားခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ စာသင်ကျောင်းများနှင့် လူစုလူဝေးရှိသောနေရာများတွင် သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို အထူးအလေးထား လုပ်ဆောင်နေကြသည်။ ထို့ပြင် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ပုဒ်ကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

လွန်ခဲ့သော ငါးနှစ်ကာလအတွင်း မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် နှစ်အလိုက် အတက်အကျရှိခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ ၂၀၂၀ ပြည့်နှစ်တွင် ရောဂါဖြစ်ပွားသူ ၁၅၁၃၁ ဦးနှင့် သေဆုံးသူ ၆၈ ဦးရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ကာလအတွင်း သန့်ရှင်းရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာခြင်းကြောင့် ဖြစ်ပွားမှုလျော့နည်းကာ လူနာ ၅၄၄၆ ဦးနှင့် သေဆုံးသူ ၃၆ ဦးသာရှိခဲ့သည်။ သို့သော် ၂၀၂၂ ခုနှစ်တွင် ရောဂါပြန်လည်မြင့်တက်လာပြီး ဖြစ်ပွားသူ ၂၄၉၇၁ ဦးနှင့် သေဆုံးသူ ၉၇ ဦးအထိရှိလာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင်လည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၆၁၃၀ ရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အများဆုံးတွေ့ရှိခဲ့ရသည်။ ၂၀၂၄ ခုနှစ်တွင် မိုးရာသီအစပိုင်းမှစတင်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်တွေ့ရှိလာခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရောဂါဖြစ်ပွားသူ ၆၄၀၀ ခန့်နှင့် သေဆုံးသူ ၁၅ ဦးရှိခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်တွင်လည်း မိုးရာသီဝင်ရောက်လာသည်နှင့်အမျှ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများ ဆက်လက်တွေ့ရှိနေပြီး ဇန်နဝါရီလမှ ဇူလိုင် ၁၉ ရက်အထိ ရောဂါဖြစ်ပွားသူ ၅၀၆၆ ဦးနှင့် သေဆုံးသူ ၂၆ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ လက်ရှိ ၂၀၂၆ ခုနှစ်တွင်လည်း မိုးရာသီကာလရောက်ရှိလာခြင်းနှင့်အတူ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်ခြေများမြင့်တက်လာနေကြောင်း WHO နှင့် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများက သတိပေးထားပြီး မြန်မာနိုင်ငံအတွင်း ဒင်ဂီရောဂါအပါအဝင် ခြင်မှတစ်ဆင့် ကူးစက်သောရောဂါများ မြင့်တက်လာနေကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်ကာ သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်ကြရန် လိုအပ်လျက်ရှိသည်။

ကျောင်းဖွင့်ရာသီသည် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်နိုင်မှုမြင့်မားသော အချိန်ကာလတစ်ခုဖြစ်သည်။ ကျောင်းသား ကျောင်းသူများ အများအပြား စုဝေးနေထိုင်ရခြင်း၊ ကျောင်းပတ်ဝန်းကျင်တွင် ရေတင်ကျန်နိုင်သောနေရာများရှိခြင်းတို့ကြောင့် ရောဂါပျံ့နှံ့နိုင်ခြေ မြင့်တက်လာသည်။ ထို့ကြောင့် ကျောင်းများတွင် ရေအိုးများကို အဖုံးဖုံးထားခြင်း၊ ရေတင်ကျန်နေသော အိုးခွက်များအား သွန်ပစ်ခြင်း၊ ပန်းအိုးရေများ မကြာခဏလဲလှယ်ခြင်း၊ ခြင်ပေါက်ပွားမှုရှိ၊ မရှိ စစ်ဆေးခြင်းတို့ကို ပုံမှန်ဆောင်ရွက်သင့်သည်။ ထို့ပြင် ကျောင်းသားများအား ခြင်ကိုက်မခံရစေရန် လက်ရှည်အင်္ကျီဝတ်ဆင်စေခြင်းနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်သည်။

**ရောဂါလက္ခဏာများ**

သွေးလွန်တုပ်ကွေးရောဂါသည် ကလေးငယ်များတွင် အများဆုံးတွေ့ရသော်လည်း လူကြီးများတွင်လည်း ဖြစ်ပွားနိုင်သည်။ အထူးသဖြင့် အသက် ၅ နှစ်မှ ၁၅ နှစ်အတွင်း ကလေးများတွင် ပိုမိုတွေ့ရတတ်သည်။ ရောဂါလက္ခဏာများမှာ ကိုယ်ပူချိန်မြင့်တက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်လုံးနောက်နာကျင်ခြင်း၊ ကြွက်သားနှင့် အရိုးအဆစ်များကိုက်ခဲခြင်း၊ အရေပြားတွင် အနီစက်များပေါ်လာခြင်း၊ အစားအသောက်ပျက်ခြင်းနှင့် သွေးယိုခြင်းတို့ဖြစ်သည်။ ရောဂါဖြစ်ပွားလာပါက ဆေးရုံ၊ ဆေးခန်းများတွင် အမြန်ဆုံး စစ်ဆေးကုသမှုခံယူသင့်ပြီး ဆရာဝန်ညွှန်ကြားချက်မရှိဘဲ Aspirin နှင့် Ibuprofen ကဲ့သို့သော ဆေးများကိုမသောက်သင့်ပါ။ လူနာအား ရေဓာတ်လုံလောက်စွာတိုက်ပေးခြင်းနှင့် အနားယူစေခြင်းသည် အရေးကြီးသည်။

နိဂုံးချုပ်အားဖြင့် သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်နိုင်သော ရောဂါတစ်မျိုးဖြစ်ပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်မှုသာ ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်သည်။ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ပုဒ်အတိုင်း ရေသိုလှောင်ထားသော အိုးခွက်များကို အဖုံးဖုံးထားခြင်း၊ မလိုအပ်သော ရေတင်ကျန်မှုများကို သွန်ပစ်ခြင်း၊ ရေဟောင်းများကို လဲလှယ်ပေးခြင်းနှင့် ခြင်ပေါက်ပွားမှုရှိ၊ မရှိ စစ်ဆေးခြင်းတို့ကို ပုံမှန်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိအိမ်၊ မိမိပတ်ဝန်းကျင်မှစတင်ကာ သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါကင်းဝေးသော လူမှုဘဝတစ်ခုကို တည်ဆောက်နိုင်ကြပါစေရန် ရေးသားလိုက်ရပါသည်။ ။

## မုံရွာမြို့၌ စက်သုံးဆီအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး



မုံရွာ ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်သုံးဆီဝယ်ယူသူများကို စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်စွာ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ဝယ်ယူရရှိစေရေး အခါအားလျော်စွာ ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် မုံရွာမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ငါးဆိုင်ကို ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က ရောင်တခင်ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်သည်။

မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့က မုံရွာမြို့ပေါ်ရှိ QR Code, Bar Code စနစ်ဖြင့် ရောင်းချနေသော Power 9၊ ပြည်မြန်မာစိုး၊ စိုး(၄)၊ စွမ်းရည်ထက်နှင့် သန်းကုဋ္ဌေအောင်(၅) စက်သုံးဆီဆိုင်များကို အခြင်အတွယ် မှန်ကန်မှု ရှိ/မရှိ လီတာ ၂၀ စံခြင်ခွက်ဖြင့်လည်းကောင်း၊ အရည်အသွေးစစ်ဆေးနိုင်ရေးအတွက် ဆီနမူနာကောက်ယူ၍လည်းကောင်း၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချမှု ရှိ/မရှိနှင့် မီးဘေးအန္တရာယ်လုံခြုံစိတ်ချစေရန် မီးသတ်ဆေးဘူးများထားရှိခြင်း ရှိ/ မရှိတို့ကိုလည်းကောင်း ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**နေပြည်တော် ဩဂုတ် ၄**

မော်လမြိုင် တက္ကသိုလ်နှင့် နည်းပညာ တက္ကသိုလ် (မော်လမြိုင်)တို့ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ကိုယ်တိုင် စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက် လုပ်ငန်းရှင်များ၊ ကုန် သည်များက ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များကို သက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက လာရောက် ရောင်းချပေးလျက်ရှိသည်။

**ကြည့်ရှု**

ထိုသို့ ရောင်းချပေးနေမှုနှင့် မော်လမြိုင် တက္ကသိုလ်၌ Recreation Centre တည်ဆောက်ရေး လုပ်ငန်းခွင်ကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက် ကြည့်ရှုသည်။

ထို့အပြင် မော်လမြိုင်မြို့ သူနာပြုသိပ္ပံကျောင်းခန်းမဆောင်၌ ကျင်းပသည့် ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန သူနာပြုသိပ္ပံ(မော်လမြိုင်) အပတ်စဉ် (၅၁) အမျိုးသား ကုတ်အင်္ကျီနှင့် သူနာပြုဦးဆောင်း အပ်နှင်းပွဲသို့လည်း တက်ရောက်ခဲ့ပြီး ပြည်နယ်ဝန်ကြီးများနှင့်အတူ ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**





## မကွေးဆေးတက္ကသိုလ်၌ Recreation Center ဆောက်လုပ်လျက်ရှိ

**မကွေး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဆေးတက္ကသိုလ်(မကွေး)၌ Recreation Center ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Recreation Center ဆောက်လုပ်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် နည်းပညာတက္ကသိုလ်(မကွေး)ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် တက္ကသိုလ်အဝင်လမ်း ဖောက်လုပ်နိုင်ရေး လျာထားဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## တွန်းဇံမြို့ ပြည်သူ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၄**

တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန်အပါအဝင် ကျန်းမာရေး ဝန်ထမ်း ၉၄ ဦးဖြင့် ယနေ့အထိ အတွင်းလူနာ ၆၀၊ ပြင်ပလူနာ ၄၄၆ ဦး၊ အသေးစားခွဲစိတ်ကုသလူနာ ၂၈ ဦး၊ အကြီးစားခွဲစိတ်လူနာလေးဦးနှင့် မီးဖွားလူနာနှစ်ဦးတို့အား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးရုံအဆောက်အအုံအသစ် ဆောက်လုပ်ပြီးစီးမှု၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ထောက်ပံ့ပေးပို့ထားရှိသည့် ဆေးနှင့် ဆေးပစ္စည်းများ သိုလှောင်ထားရှိမှု၊ ဆိုလာတပ်ဆင်အသုံးပြု၍ ကာကွယ်ဆေးများ သိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးသည် ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေး၍ ပြည်သူ့ဆေးရုံကြီးရှိ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့ပြင် တွန်းဇံမြို့အခြေခံပညာအထက်တန်း ကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး အခြေခံပညာအထက်တန်းကျောင်း ယာယီခန်းမတွင် လမင်းစီမံချက်ဖြင့် ဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်ကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ကာ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။ တွန်းဇံမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ရက် ၁၀၀ စီမံချက်ကာလအတွင်း မှတ်ပုံတင်ကတ် ၅၈၀ ကို ဆောင်ရွက်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တွန်းဇံမြို့နယ်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၆၃ ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်းအပ်နှံ တက်ရောက်သူ ၄၇၃၂ ဦးရှိကာ ကျောင်းဆရာ ဆရာမ ၂၇၁ ဦးတို့က ပညာသင်ကြားပေးလျက်ရှိသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး တွန်းဇံမြို့ဌာနဆိုင်ရာရုံးများနှင့် ဒေသခံပြည်သူများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဖွင့်

**နေပြည်တော် ဩဂုတ် ၄**

လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီဝင်များအနေဖြင့် သင်တန်းမှ ရရှိလာသည့် အသိအမြင်နှင့် အတွေ့အကြုံများကို လက်တွေ့အသုံးချခြင်း၊ လုပ်ဖော် ကိုင်ဖက်များအား ပြန်လည် မျှဝေခြင်းများကို ဆောင်ရွက် ပေးစေလိုကြောင်း၊ အဆိုပါကိစ္စရပ်များသည် လုပ်ငန်းခွင်ရှိ အလုပ်ရှင်၊ အလုပ်သမားပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ပြီး မလိုလားအပ်သည့် အပိုကုန်ကျစရိတ်များကိုလည်း လျှော့ချပေးနိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအဆင့်မြင့်တင်နိုင်ရေး၊ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အရင်းအမြစ်များ တည်ဆောက်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည့်အတွက် ကော်မတီဝင်များ အနေဖြင့် အလေးထား ဆောင်ရွက်ပေးရန် ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက ပြောကြားသည်။

ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ လူငယ်စင်တာ၌ကျင်းပသည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်း ဖွင့်ပွဲတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကားတွင် ယင်းသို့ထည့်သွင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီးရုံး၌ အရာထမ်းများအား တွေ့ဆုံ၍ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အလုပ်သမားရေးရာ ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ အစောပိုင်းပြန်လည်ထူထောင်ရေးသင်တန်း အဆင့် - ၂ ဖွင့်လှစ်



နေပြည်တော် ဩဂုတ် ၄

အာဆီယံဒေသတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက လျင်မြန်ပြီး ပိုမိုအားကောင်းသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ အစောပိုင်းပြန်လည်ထူထောင်ရေး သင်တန်းအဆင့် – ၂ (ASEAN–ERAT Level–2 Course on Early Recovery) ဖွင့်လှစ်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သင်တန်းသားများအနေဖြင့် စာတွေ့သာမက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုအနေအထားများကို မြေပြင်အထိ ကွင်းဆင်းလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော် Park Royal ဟိုတယ်၌ ဩဂုတ် ၃ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASEAN–ERAT အဖွဲ့ဝင် ၁၄ ဦး တက်ရောက်လျက်ရှိကာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အာဆီယံ–ဂျပန်ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ (JAIF)နှင့် AHA Centre တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး နေပြည်တော်ကောင်စီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ AHA Centre၊ UNDP၊ IOM၊ IFRC၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ သင်တန်းနည်းပြများက သင်ခန်းစာများ ပို့ချမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးမှ ASEAN–ERAT အဖွဲ့ဝင်များအနေဖြင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစဉ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်သို့ ကူးပြောင်းလုပ်ဆောင်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ရန်၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကျွမ်းကျင်မှုရှိစေရန်၊ နိုင်ငံတကာက ဆောင်ရွက်လျက်ရှိသော ပြန်လည်ထူထောင်ရေးဆိုင်ရာအတွေ့အကြုံများ၊ ခေတ်မီနည်းပညာများ ဖလှယ်မျှဝေရန်နှင့် ASEAN–ERAT အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် အတွေ့အကြုံဖလှယ်ခြင်းဖြင့် အကျိုးရှိသော သင်တန်းတစ်ခုဖြစ်စေလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် ဒေါက်တာသန့်ဇော်လွင်၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ တာဝန်ရှိသူများ၊ AHA Centre ၏ Operation Director နှင့် သင်တန်းနည်းပြများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၇) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ






နေပြည်တော် ဩဂုတ် ၄

(၄၇) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပသည်။

အစည်းအဝေးတွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များက နိုင်ငံတကာ၊ ဒေသတွင်းနှင့် အမျိုးသားရေးဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းချက်များနှင့်ပတ်သက်၍ သဘောထားဖလှယ်ခြင်း၊ (၁၀) ကြိမ်မြောက် အာဆီယံပင်လယ်ဆိပ်ကမ်း ကြားဖြတ်နှိမ်နင်းရေး အထူးအဖွဲ့အစည်းအဝေး၏အကျိုးရလဒ်များဆွေးနွေးခြင်း၊ အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆–၂၀၂၅) နှင့်ပတ်သက်၍ အပြီးသတ်သုံးသပ်မှုပြုလုပ်ခြင်း၊ အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ၎င်း၏ လုပ်ငန်းခွဲများအတွက် လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်အခြေအနေအား ဆွေးနွေးခြင်း၊ ACCORD ရန်ပုံငွေနှင့်ပတ်သက်၍ ပြန်လည် သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။


ထို့ပြင် မူးယစ်ဆေးဝါး ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများအတွက် ဉာဏ်ရည်တု (AI)နှင့် ဒီဂျစ်တယ်ကိရိယာများကို အသုံးပြုခြင်းဆိုင်ရာ အာဆီယံ အွန်လိုင်းသင်တန်းအခြေအနေများ၊ (၆၉) ကြိမ်မြောက် CND ၏ အကျိုးရလဒ်များနှင့် CND ၏အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကဏ္ဍတွင် အာဆီယံ ပူးတွဲကြေညာချက် ထုတ်ပြန်မှုနှင့် ပတ်သက်သည့် အစီရင်ခံစာကိစ္စရပ်များ၊ အာဆီယံအဖွဲ့ဝင်အဖြစ် တီမောလက်စ်တေနိုင်ငံ ဝင်ရောက်ခြင်းအတွက် ဦးစားပေး စဉ်းစားရမည့်အချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် သန့်လွင်မောင်က မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုနှင့် သုံးစွဲမှုပြဿနာကို နိုင်ငံအားလုံးက နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံနှင့် တိုက်ဖျက်နေသော်လည်း အဆိုပါပြဿနာသည် ရပ်တန့်မသွားဘဲ နိုင်ငံတော်အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို အမြဲနှောင့်ယှက်နေပြီး နိုင်ငံတိုင်းအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သူများသည် ၎င်းတို့၏ ပြစ်မှုကျူးလွန်မှုပုံစံများကို ပြောင်းလဲလုပ်ဆောင်နေသည့်အတွက် အသစ်ထွက်ပေါ်လာသည့် လူလုပ်မူးယစ်ဆေးဝါးများ၊ ပြောင်းလဲလာသည့် ဓာတုပစ္စည်းများနှင့်ပတ်သက်၍ သတင်းဖလှယ်ပေးပို့ပေးစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASOD ခေါင်းဆောင်များ ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံး၊ CND၊ CPDAP၊ INTERPOL၊ UNODC တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး (၄၇) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို ဩဂုတ် ၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-အိန္ဒိယ ဆေးဝါးစံချိန်စံညွှန်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် FDA နှင့် IPC တို့ ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ





ရန်ကုန် ဩဂုတ် ၄

မြန်မာ–အိန္ဒိယနိုင်ငံတို့အကြား ဆေးဝါးစံချိန်စံညွှန်း ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးကိစ္စရပ်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနနှင့် Indian Pharmaco–poeia Commission (IPC) တို့ အကြား အစည်းအဝေးကျင်းပခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနနှင့် Indian Pharmaco–poeia Commission (IPC)၊ Government of India တို့အကြား ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပရာ အစည်းအဝေးသို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဆွေဆက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် Indian Pharmacopoeia Commission မှ Dr. V. Kalaiselvan, the Secretary – cum – scientific Director နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆေးဝါး စံချိန်စံညွှန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် Indian Pharmacopoeia အသိအမှတ်ပြုအသုံးပြုရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်များ၊ ဆေးဝါးအရည်အသွေးနှင့် စံချိန်စံညွှန်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ ဆေးဝါးစမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းများအကြား နည်းပညာဖလှယ်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဆေးဝါးအရည်အသွေး အာမခံမှုနှင့် ဆေးဝါးကွပ်ကဲရေးဆိုင်ရာလုပ်ငန်းစဉ်များကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပိုမိုအားကောင်းလာစေရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား Pharmaceutical Cooperation ကို စနစ်တကျ ရေရှည်တိုးမြှင့်ဆောင်ရွက်ရေး၊ ဆေးဝါးအရည်အသွေး အာမခံမှုစနစ်များ ခိုင်မာအားကောင်းလာစေရေးနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ နည်းပညာနှင့် သတင်းအချက်အလက် ဖလှယ်ရေး၊ သုတေသနနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကိုလည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**MT**

## အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဩဂုတ် ၄

ယနေ့ နံနက် ၉ နာရီ ၂၆ မိနစ် ၃၅ စက္ကန့်တွင် တမူးမြေလျင်စခန်းမှ တောင်ဘက် ၃၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အနောက်မြောက်ဘက် ၁၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၇၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၃ ဒီဂရီ၊ အနက် ၅၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ကန့်ဘလူမြို့နယ် လိတ္တူကျေးရွာမှ အိမ်ခြေ ၉၉ အိမ်အတွက် မြေငှားဂရန်များ ပေးအပ်



နေပြည်တော် ဩဂုတ် ၄

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူမြို့နယ် လိတ္တူကျေးရွာမှ အိမ်ခြေ ၉၉ အိမ်အတွက် မြေငှားဂရန်များကို ယမန်နေ့က တိုင်းဒေသကြီး အစိုးရအဖွဲ့က ပေးအပ်သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြည်သူများ၏ မြေယာပိုင်ဆိုင်မှု အခွင့်အရေး ခိုင်မာစွာ ရရှိစေရေးအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက တာဝန်ရှိသူများနှင့်အတူ လိတ္တူကျေးရွာ ပြည်သူများအတွက် မြေငှားဂရန်များကို သွားရောက်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ကန့်ဘလူမြို့ အမှတ်(၃) ညောင်အိုင်ရပ်ကွက်ရှိ တောင်သူ ဦးနိုင်ဦး၏ စိုက်ခင်းအတွင်း ကျင်းပသည့် ပဲစင်းငုံမျိုးစေ့ထုတ်ကွက် သဘာဝပိုးသတ်ဆေး ပက်ဖျန်းအသုံးပြုခြင်း ကွင်းသရုပ်ပြသပွဲ၊ ကန့်ဘလူစိုက်ပျိုးခြံရှိ ရေဆင်း(၁) စပ်မျိုးနေကြာမျိုးစေ့ ထုတ်လုပ်ခြင်းစိုက်ခင်း၊ “ဖိုးချောကြီး” နွားမွေးမြူရေးခြံ၊ အမှတ်(၂)ရပ်ကွက်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးခင်မောင်ဝင်း၏ နွားမွေးမြူရေးခြံ၊ လိတ္တူကျေးရွာမှ ဦးချိုးသိန်း၏အသားတိုးဝက်မွေးမြူရေးခြံတို့ကိုလည်း ကြည့်ရှုအားပေးခဲ့သည်။

ကြည့်ရှုစဉ် စိုက်ပျိုးရေရရှိရေး၊ လယ်ယာသုံး စက်မောင်းဆီများ ရရှိရေး၊ သွင်းအားစုဓာတ်မြေဩဇာများရရှိရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများရရှိရေး၊ တိရစ္ဆာန်အစာများ ရရှိရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကန့်ဘလူခရိုင်စုပေါင်းရုံးရှိ ရွှေဆည်မြိုင်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကန့်ဘလူမြို့ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် အမှတ်(၅)ရပ်ကွက်ရှိ စိန်နဒီချည်အမျိုးမျိုးနှင့် ကချင်ထည်စက်ရက်ကန်း၊ လက်ရက်ကန်းစက်ရုံ၌ စက်ရက်ကန်း/ လက်ရက်ကန်း ချည်ထည်အမျိုးမျိုး ရက်လုပ်နေမှုနှင့် ရက်လုပ်ပြီး ကုန်ချောအထည်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## တာမွေမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြော

တာမွေ ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဆေးလိပ်အပါအဝင် မူးယစ်ဆေးဝါးအမျိုးမျိုး သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များအကြောင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဖွဲ့ခန်းမ၌ အသိပညာပေးဟောပြောသည်။

ဟောပြောပွဲတွင် တာမွေမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဆေးလိပ်/ အီးစီးကရက်နှင့် ဆေးရွက်ကြီး သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များအကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**





## ကုလားပဲ 929 နှင့် V3 များ ပါကစ္စတန်နိုင်ငံသို့ တင်ပို့ရန် မုံရွာကုန်သည်များ ပြင်ဆင်လျက်ရှိ

မုံရွာ ဩဂုတ် ၄

မုံရွာမြို့မှ ပဲအမျိုးမျိုးရောင်းဝယ်နေကြသူများအနေဖြင့် ကုလားပဲအုပ်စုဝင် 929 အနီလုံးကြီးနှင့် V3 အဖြူလုံးကြီးကို ပါကစ္စတန်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

“929 နဲ့ V3 က ပါကစ္စတန်ကို ပို့ဖို့ ဈေးကွက်ပွင့်သွားပြီ။ တောင်သူတွေ လက်ထဲမရှိသေးသလို ဆောင်းတွင်းမှ စိုက်ရမှာဆိုတော့ ပွဲရုံတွေမှာ လှောင်ထားတဲ့အထဲက ထုတ်ရောင်းကြမှာပါ။ တချို့က ပါကစ္စတန်အတွက် ရန်ကုန်ဝယ်လက်ဆီကို ပို့နေကြပြီ”ဟု မုံရွာမြို့မှ ကုန်သည်တစ်ဦးက ပြောသည်။

ပါကစ္စတန်နိုင်ငံသို့ ပို့ဆောင်ရောင်းချနိုင်ရန် အရည်အသွေးကောင်းမွန်ပြီး သန့်စင်သော 929 အနီနှင့် V3 ဖြူလုံးကြီးများကို ပြီးခဲ့သည့် ဇူလိုင်လမှစတင် စုဆောင်းဝယ်ယူနေကြခြင်းဖြစ်ပြီး ကွန်တိန်နာတစ်ပုံးလျှင် ၃၀ ပိဿာနှင့် ၅၀ ကျပ်သားဝင် (၅၀ ကီလိုဂရမ်) အိတ်ပေါင်း ၄၈၀ ဆံ့ဖြင့် တင်ပို့ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ကုလားပဲသီးနှံသည် ပြည်တွင်းစားသုံးမှု များပြားသဖြင့် ပြည်တွင်းသုံးအတွက်ရော ပြည်ပတင်ပို့မှုအတွက်ပါ အရေးပါသော ပဲအမျိုးအစားဖြစ်ပြီး ရေဆင်း(၈)၊ ရေဆင်း(၁၁)၊ ရေဆင်း(၆)၊ ရွှေနီလုံးကြီး၊ မြကြေး၊ ကရာချိ၊ ကုလားပဲဖြူလုံးကြီး (V2, V3, V7, V9, 929, ထိုင်ဝမ်) စသည်တို့သည် ထင်ရှားသော ကုလားပဲမျိုးများဖြစ်သည်။

ကုလားပဲဝါ၊ ကုလားပဲဖြူ၊ ကုလားပဲဖြူလုံးကြီး၊ AQ, SQ စသည်တို့ကို ရောင်းဝယ်ကြပြီး အလုံးလိုက်နှင့် အခွံချွတ်အခြမ်းအဖြစ် ရောင်းဝယ်ကြကာ ကုလားပဲအစိမ်းမှုန့်၊ အကျက်မှုန့်များအဖြစ် ပြုပြင်ထုတ်လုပ်ရောင်းဝယ်ကြကြောင်း သိရသည်။

ယခင်က ကုလားပဲကို အလုံးလိုက်အပြင် ခွဲခြမ်းအဖြစ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ပြီး ပါကစ္စတန်၊ စင်ကာပူ၊ ကိုရီးယား၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့သို့လည်း တင်ပို့ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ပေါင်မြို့နယ် အထက(မုတ္တမ)၌ မူခင်းကျဆင်းရေးနှင့် ဥပဒေအသိပညာပေး ဟောပြော



ပေါင် ဩဂုတ် ၄

မွန်ပြည်နယ် ပေါင်မြို့နယ် အထက(မုတ္တမ)၌ မှုခင်းကျဆင်းရေးနှင့် ဥပဒေအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ကလေးအလုပ်သမားပပျောက်ရေး၊ မုတ္တမစခန်းမှူး ရဲအုပ်ဝင်းညွန့်က လူကုန်ကူးမှုအကြောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသီတာစိုးက ကျန်းမာသောနေထိုင်စားသောက်မှုအတွက် ဆောင်ရန်ရှောင်ရန်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းထက်ထက်ဟန်က မုန်တိုင်းဘေးအန္တရာယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ခြင်းအကျိုးကျေးဇူး၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက ဒီရေတောများအကြောင်းတို့နှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး သက်ဆိုင်ရာဌာနအလိုက် လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ပဲခူးမြို့၌ ဆန်စပါးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ပဲခူး ဩဂုတ် ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် ဆန်စပါးလုပ်ငန်းရှင်များအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်အောင်က အစည်းအဝေးကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ် အောင်ရတနာရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၄

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ အောင်ရတနာ ရောင်းဝယ်ရေး သမဝါယမအသင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက (င)ရပ်ကွက် ခါတော်မီမြွေရုံ၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက အသင်းများအနေဖြင့် သမဝါယမအသင်း ဥပဒေအရ အမှုဆောင်ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းတာဝန်ခံ ဒေါ်စန်းစန်းမွန်က ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်များကို ရယူခဲ့သည်။



အဆိုပါ အစည်းအဝေးသို့ အသင်းသား ၅၃ ဦး တက်ရောက်ခဲ့ပြီး အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# မှိုစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် စီးပွားရေးအလားအလာ

ကိုဘုန်း

လူသားတို့၏ သမိုင်းတစ်လျှောက် အစားအစာနှင့် အာဟာရအတွက် အထောက်အကူပြုသည့် သဘာဝအလျောက် အစားအစာများစွာ ရှိသည့်အနက် မှိုသည် ထူးခြားထင်ရှားသော နေရာတစ်နေရာကို ပိုင်ဆိုင်ထားသည်။ မှိုကို ကျောက်ခေတ်ဦးကပင် လူတို့စတင်တွေ့ရှိစားသုံးခဲ့ကြသည်။ ယနေ့ခေတ်တွင် မှိုစိုက်ပျိုးခြင်းသည် ရှေးဟောင်းအစဉ်အလာတစ်ခုမျှသာ မဟုတ်တော့ဘဲ ခေတ်မီစီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်လာပြီဖြစ်သည်။

မှိုစိုက်ပျိုးခြင်းသည် အမှိုက်မှ ရွှေကိုထုတ်ယူခြင်းဖြစ်သည်။ အသုံးမလိုတော့သော စွန့်ပစ်ပစ္စည်းများကို တန်ဖိုးရှိသောထွက်ကုန်အဖြစ် ပြောင်းလဲခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မှိုစိုက်ပျိုးခြင်းကို "တစ်ချက်ခုတ် သုံးချက်ပြတ်" ဟု ဆိုကြသည်။ အကြောင်းမှာ ဤလုပ်ငန်းသည် လယ်ယာစွန့်ပစ်ပစ္စည်းများမှ မှိုလည်းရ၊ မှိုနုတ်ယူပြီးနောက် ကျန်ရှိသည့်အဆွေးမှ မြေဆွေးလည်းရ၊ လယ်ယာထွက်သီးနှံလည်း ရရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် မှိုစိုက်ပျိုးခြင်းကို "ငွေထုတ်စက်" ဟူ၍လည်း တင်စားခေါ်ဝေါ်ကြသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် မှိုစိုက်ပျိုးရေးလုပ်ငန်းသည် အထူးပင်အထောက်အကူပြုသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ ဖေဒါ၊ ငှက်ပျော၊ ကောက်ရိုး၊ ပြောင်းဖူးရိုး၊ ပြောင်းပင်စသည့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ၊ ဆီထွက်သီးနှံများ၊ ဝါ၊ ပဲမျိုးစုံနှင့် ဆီအုန်းတို့ကိုအသုံးပြု၍ မှိုစိုက်ပျိုးနိုင်သည်။ မှိုနုတ်ယူပြီးနောက် ကျန်ရှိသောအဆွေးများကို အဖိုးတန်မြေဆွေးအဖြစ် ဆက်လက်အသုံးပြုနိုင်ပါသည်။ ဥပမာအားဖြင့် စပါးစိုက်ပျိုးလျှင် စပါးတစ်သီးရရှိသည်။ ထို့နောက် ကျန်ရှိသောကောက်ရိုးကို အသုံးပြု၍ မှိုအမျိုးမျိုးစိုက်ပျိုးသဖြင့် မှိုလည်းရပြန်သည်။ မှိုများကို နုတ်ယူပြီးနောက် ကျန်ရှိသည့် မှိုစိုက်ခင်းပုံမှ မြေဆွေးကိုလည်း ထပ်မံရရှိပြန်သည်။ ဤသည်ကို "တစ်ချက်ခုတ် သုံးချက်ပြတ်" ဟု ခေါ်ဆိုခြင်းဖြစ်သည်။ သုတေသနပညာရှင်များ၏ အဆိုအရ လယ်ယာစွန့်ပစ်အမှိုက် တန်ချိန်သုံးသန်းလျှင် မှိုတန်ချိန် တစ်သန်းမှ ၁ ဒသမ ၅ သန်းအထိ ထုတ်လုပ်နိုင်သည်ဟု သိရသည်။

### မှိုသမိုင်း

အီဂျစ်နိုင်ငံ၏မှတ်တမ်းများအရ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ခန့် (ဘီစီ ၄၀၀၀) ကပင် လူတို့သည် မှိုကိုစတင်စားသုံးခဲ့ကြသည်။ အချို့က ကျောက်ခေတ်ကပင် မှိုစိုက်ပျိုးခဲ့သည်ဟု ဆိုသည်။ ထို့နောက် ရုရှား၊ တရုတ်၊ ဂရိ၊ မက္ကဆီကိုနှင့် လက်တင်အမေရိကနိုင်ငံများတွင် စိုက်ပျိုးလာကြသည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် မှိုစိုက်ပျိုးခဲ့သည်။ ကြွက်နားရွက်မှိုကို အေဒီ ၆၀၀၊ ရွှေအပ်မှို (Flammulina velutips) ကို အေဒီ ၈၀၀၊ ရှီတာကီမှို (Lentinula edodes) ကို အေဒီ ၁၀၀၀ တွင် စတင်စိုက်ပျိုးခဲ့ကြသည်။

စီးပွားဖြစ်မှိုစိုက်ပျိုးခြင်းကိုမူ ဥရောပတွင် ၁၆ ရာစုနှင့် ၁၇ ရာစုနှစ်များတွင်မှ စတင်ခဲ့သည်။ ၁၉ ရာစုနှစ်နှောင်းပိုင်းတွင်မှ အမေရိကန်သို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ပထမဆုံးမှိုမျိုး စပွန်း (Spawn) ကို ပြင်သစ်မှိုပညာရှင် Louis F. Lambert က ၁၉ ရာစုအစောပိုင်းတွင် ထုတ်လုပ်ခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် မှိုဈေးကွက် စတင်ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်က ကြယ်သီးမှို (Button mushroom) သည် ဈေးကွက်ကို လွှမ်းမိုးထားခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ကြယ်သီးမှိုသည် ကမ္ဘာ့မှိုဈေးကွက်၏ ၇၀ ရာခိုင်နှုန်းကို လွှမ်းမိုးထားနိုင်ခဲ့သည်။ သို့သော် ၁၉၉၇ ခုနှစ်သို့ ရောက်သောအခါ ရှီတာကီမှို၊ ငွေနှင်းမှို (အိုက်စတာမှို)၊ ကောက်ရိုးမှို၊ ကြွက်နားရွက်မှို စသည့် အခြားမှိုများ ဈေးကွက်သို့ ဝင်ရောက်လာသဖြင့် ကြယ်သီးမှို၏ ဈေးကွက်ဝေစုမှာ ၃၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။



ကောက်ရိုးမှို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

ယခုအခါ နိုင်ငံပေါင်း ၁၀၉ နိုင်ငံကျော်၌ မှိုစိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သော အမေရိကန်နှင့် ဥရောပနိုင်ငံများသည် မှိုစိုက်ပျိုးရေးကို စက်မှုထုတ်ကုန်အဖြစ် စက်ကြီးများဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးလျက်ရှိကြသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ကျစေရန်၊ အလုပ်အကိုင်သစ်များ ဖန်တီးနိုင်ရန်၊ အစားအစာဖူလုံမှုရရှိရန်၊ ကျေးလက်ဒေသ ပညာရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်၏ GDP တိုးတက်စေရန်အတွက် မှိုကို တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်အထိ စိုက်ပျိုးရန် လိုအပ်ပါသည်။

### မြန်မာ့မှိုစိုက်ပျိုးရေး

မြန်မာနိုင်ငံတွင် ကောက်ရိုးမှိုစိုက်ပျိုးခြင်း လုပ်ငန်းကို ၁၉၃၂ ခုနှစ်ခန့်က ထိုင်းနိုင်ငံမှ ပညာရှင်နှစ်ဦး၏ အကူအညီဖြင့် စတင်ခဲ့သည်။ ၁၉၇၉ ခုနှစ်မှစ၍ အထွက်နှုန်းကောင်းသော မှိုမျိုးများကို တင်သွင်းခြင်း၊ မှိုမျိုးများ ထုတ်လုပ်ဖြန့်ဖြူးခြင်းတို့ကြောင့် လူအများ စိတ်ဝင်စားလာကြပြီး စီးပွားဖြစ် စတင်ထုတ်လုပ်လာကြသည်။ ၁၉၈၀ ပြည့်နှစ်တွင် ကောက်ရိုးမှိုတစ်မျိုးတည်းသာမဟုတ်ဘဲ ငွေနှင်းမှို၊ ငွေမိုးမှို၊ ကြွက်နားရွက်မှို၊ ထပ်တရာမှို စသည့် မှိုမျိုးများကိုပါ တိုးချဲ့စိုက်ပျိုးလာကြပြီး မှိုသင်တန်းများကိုလည်း ပို့ချပေးခဲ့သည်။

ရန်ကုန်မြို့ ကိုးမိုင်ရှိ မှိုခြံ၊ မော်ဘီမြို့ရှိ ညောင်နှစ်ပင် မှိုခြံ၊ ပဲခူးမြို့ ၁၀ မိုင်ကုန်းရှိ မှိုခြံ၊ တောင်ငူမြို့ရှိ ကျောက်တိုင်မှိုခြံတို့တွင် အဓိက မှိုငါးမျိုးဖြစ်သည့် ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ နို့စိမ်းမှို၊ ကောက်ရိုးမှိုနှင့် လင်ဇီးမှိုတို့ကို စိုက်ပျိုးလျက်ရှိသည်။ ပြင်ဦးလွင်ရှိ မှိုခြံတွင် အအေးပိုင်းဒေသ၌ ဖြစ်ထွန်းသော ရှီတာကီမှို၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးမှုအများဆုံးနှင့် စားသုံးမှုအများဆုံးဖြစ်သည့် ကြယ်သီးမှို၊ မျောက်ခေါင်းမှို၊ ပဲပင်ပေါက်မှို၊ ရွှေအပ်မှိုတို့အပြင် ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှိုတို့ကိုပါ စိုက်ပျိုးကြသည်။ ထို့အပြင် တိုးတက်သောနည်းပညာများကြောင့် ယခုအခါ မှိုကို စက်မှုထွက်ကုန် သီးနှံအဖြစ် ရာသီမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီဖြစ်သည်။

### ကမ္ဘာ့နှစ်စဉ်တိုးပွားနေသော လူဦးရေ၏ လိုအပ်သောအာဟာရအတွက် ဖြည့်ဆည်းပေးမည့်မှို

ကမ္ဘာ့လူဦးရေသည် နှစ်စဉ် တိုးပွားလျက်ရှိရာ လိုအပ်သောအာဟာရကို မှိုကဖြည့်ဆည်းပေးနိုင်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကပင် မှိုစိုက်ပျိုးရေးသည် တစ်ဟုန်ထိုးတိုးတက်လာခဲ့ပြီး ထုတ်လုပ်မှုမှာ ၁၀ ရာခိုင်နှုန်းအထိ တိုးတက်လာသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့မှိုထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိသည်။ ယခုအခါ မှိုလုပ်ငန်းသည် ခေတ်မီဆန်းသစ်လာပြီး ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် အဆင့်မြင့်နည်းပညာများ အသုံးပြုကာ စက်ကိရိယာများဖြင့် အမြောက်အမြား ထုတ်လုပ်စိုက်ပျိုးလျက်ရှိသည်။ ထိုနိုင်ငံများသည် နည်းပညာများ၊ စက်ကိရိယာများ၊ အထွက်ကောင်း မှိုမျိုးများနှင့် မှိုများကိုပင် ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။

မှိုမှ လူတို့အတွက် အသားဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ပေါကြွယ်ဝစွာ ရရှိစေသည်။ ကမ္ဘာ့စားနပ်ရိက္ခာဖွံ့ဖြိုးရေးအဖွဲ့ (FAO) ကလည်း မှိုကို အစားအသောက် ထွက်ကုန်တစ်ခုအဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများ (ကျေးလက်ဒေသများအပါအဝင်) တွင် နှစ်စဉ်တိုးချဲ့စိုက်ပျိုးကြရန် ထောက်ခံအားပေးထားသည်။

### ကမ္ဘာ့စီးပွားဖြစ် အများဆုံး စိုက်ပျိုးထုတ်လုပ်သော မှိုစိုက်ပျိုးနည်းပညာ

ကမ္ဘာပေါ်တွင် မှိုမျိုးစိတ်ပေါင်း ၁၄၀၀၀ ရှိပြီး ယင်းတို့အနက် စားသုံးရန်သင့်လျော်သော မျိုးစိတ်ပေါင်း ၇၀၀၀ ရှိသည်။ ထိုမျိုးစိတ်များအနက် ၂၀၀ ကျော်ကို ဓာတ်ခွဲခန်းများတွင် စမ်းသပ်စိုက်ပျိုးအောင်မြင်ပြီးဖြစ်သည်။ စီးပွားဖြစ် မျိုးစိတ်ပေါင်း ၉၀ ကို ကမ္ဘာအနှံ့ စိုက်ပျိုးလျက်ရှိသည်။ အချို့မှိုမျိုးစိတ် ၇၃ မျိုးကိုမူ ဆေးဝါးထုတ်လုပ်ရေးအတွက် စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံသည် မှိုမျိုးစုံစိုက်ပျိုးရန် အခြေအနေကောင်းသော နိုင်ငံဖြစ်သည်။ ပူအိုက်စွတ်စိုသောဒေသ၊ ခြောက်သွေ့သောဒေသ၊ အေးသောဒေသ၊ သစ်တောထူထပ်သော တောင်ပေါ်ဒေသများရှိသည်။ ထို့ကြောင့် ပူအိုက်စွတ်စိုသော ရာသီကို ကြိုက်သောမှို၊ အေးသောအရပ်ကို နှစ်သက်သောမှို၊ သစ်တောအတွင်းဖြစ်ထွန်းသော မှိုများအားလုံးကို စိုက်ပျိုးနိုင်သည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့် မှိုစိုက်ပျိုးရေးကို အထူးအလေးပေးစိုက်ပျိုးသင့်ပြီး နိုင်ငံခြားငွေရှာဖွေပေးနိုင်သော လုပ်ငန်းကြီးတစ်ခု ဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံတွင် မှိုစိုက်ပျိုးရေးလုပ်ငန်း အောင်မြင်တိုးတက်စေရန် ကျေးလက်ဒေသများသို့ မှိုစိုက်ပျိုးရေး အခြေခံနှင့် အဆင့်မြင့်သင်တန်းများကို အခမဲ့(သို့မဟုတ်)ကုန်ကျစရိတ်သက်သာစွာ ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံခြားမှ အထွက်နှုန်းကောင်း မှိုမျိုးကောင်းများကိုတင်သွင်းပြီး တောင်သူများသို့ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးခြင်း၊ ခေတ်မီစက်ကိရိယာများ၊ ရာသီမရွေးစိုက်ပျိုးနိုင်သော နည်းပညာများကို အသေးစား၊ အလတ်စား တောင်သူများသို့ ကူညီပံ့ပိုးပေးခြင်း၊ တောင်သူများကို ပြည်တွင်း/ ပြည်ပ မှိုဈေးကွက်များနှင့် တိုက်ရိုက်ချိတ်ဆက်ပေးသည့် စနစ်တစ်ရပ်ဖော်ဆောင်ခြင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီသော မှိုမျိုးသစ်များ သုတေသနပြု ထုတ်လုပ်ခြင်းနှင့် မှို၏အာဟာရတန်ဖိုး၊ စီးပွားရေးအလားအလာနှင့် စိုက်ပျိုးနည်းစနစ်များကို တောင်သူများသိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းတို့ကို လုပ်ဆောင်ပေးရန် လိုအပ်သည်။

မှိုစိုက်ပျိုးရေးလုပ်ငန်းသည် ခေတ်မီစိုက်ပျိုးရေးလောကတွင် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပြီး စီးပွားရေးအရ တန်ဖိုးကြီးထွက်ကုန်တစ်ခုအဖြစ် ရပ်တည်လာပြီ ဖြစ်ပါသည်။ မှိုစိုက်ပျိုးခြင်းသည် ရင်းနှီးမြှုပ်နှံမှု အနည်းငယ်မျှဖြင့် လျင်မြန်စွာ အကျိုးအမြတ်ရရှိနိုင်ပြီး ရေရှည်တည်တံ့သော လုပ်ငန်းတစ်ခုလည်းဖြစ်သောကြောင့် စိုက်ပျိုးရေးတောင်သူများအနေဖြင့် ဤအခွင့်အလမ်းကို လက်လွှတ်မခံဘဲ မှိုစိုက်ပျိုးရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်အဆင့်မှသည် စီးပွားဖြစ်အဆင့်အထိ အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်သင့်ပါကြောင်း အလေးအနက်တိုက်တွန်းရေးသားလိုက်ပါသည်။ ။

ကိုးကား - မှိုစိုက်ပျိုးရေး(နေရောင်-စိုက်ပျိုးရေးတက္ကသိုလ်)


**“မြန်မာနိုင်ငံတွင် မှိုစိုက်ပျိုးရေးလုပ်ငန်း အောင်မြင်တိုးတက်စေရန် ကျေးလက်ဒေသများသို့ မှိုစိုက်ပျိုးရေးအခြေခံနှင့် အဆင့်မြင့်သင်တန်းများကို အခမဲ့ (သို့မဟုတ်) ကုန်ကျစရိတ်သက်သာစွာ ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံခြားမှ အထွက်နှုန်းကောင်း မှိုမျိုးကောင်းများကိုတင်သွင်းပြီး တောင်သူများသို့ ဈေးနှုန်းချိုသာစွာဖြန့်ဖြူးပေးခြင်း၊ ခေတ်မီစက်ကိရိယာများ၊ ရာသီမရွေးစိုက်ပျိုးနိုင်သော နည်းပညာများကို အသေးစား၊ အလတ်စား တောင်သူများသို့ ကူညီပံ့ပိုးပေးခြင်း၊ တောင်သူများကို ပြည်တွင်း / ပြည်ပ မှိုဈေးကွက်များနှင့် တိုက်ရိုက်ချိတ်ဆက်ပေးသည့် စနစ်တစ်ရပ်ဖော်ဆောင်ခြင်းနှင့် စိုက်ပျိုးနည်းစနစ်များကို တောင်သူများသိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းတို့ကို လုပ်ဆောင်ပေးရန် လိုအပ်”**

# ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေး အခြေအနေများ


ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5 မိုက်ခရွန်မီတာ (µm) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (PM2.5) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဇူလိုင်လအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဇူလိုင်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၃ ရက်၊ အသင့်အတင့်အဆင့်၌ ၈ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေး အခြေအနေ ($PM_{2.5}$)မှာ ကောင်းမွန်သောအဆင့်၌ ၃၀ ရက်နှင့် အသင့်အတင့်အဆင့်၌ ၁ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ



ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း



ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ



ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေး အဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေး ထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေး ထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲနွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊

(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊

(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊

(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူသူတောင်သူများအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ဆက်သွယ်၍ ကျွဲ၊ နွား ကာကွယ်ဆေးများထိုးနှံကြရန် တိုက်တွန်းပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ကျောက်ဖြူမြို့ ရေငန်ပုစွန်သားဖောက်စခန်းမှ ဒေသတွင်း ပုစွန်မွေးမြူရေးလုပ်ငန်းများအတွက် ရေငန်ပုစွန်သားပေါက်များ ဖြန့်ဖြူးပေးလျက်ရှိ

**စစ်တွေ ဩဂုတ် ၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ငါးလုပ်ငန်းဦးစီးဌာန၏ ရေငန်ပုစွန်သားဖောက်စခန်းတွင် ရေငန်ပုစွန်များ သားဖောက်ခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း ပုစွန်မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေငန်ပုစွန်သားပေါက်များကို ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆိုပါ ရေငန်ပုစွန်သားဖောက်စခန်း၏ လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၁ ရက်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ကျောက်ဖြူ ပညာရေးကောလိပ် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သိုင်းချောင်းလမ်းဆုံမှ သစ်ပုတ်တောင်ကျေးရွာအထိ လမ်းတံတားများ ကြံ့ခိုင်ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု၊ သစ်ပုတ်တောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်များ တိုးချဲ့တည်ဆောက်နိုင်ရန် ဆောင်ရွက်နေမှု၊ စိုင်ခြုံကျေးရွာရှိ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းနှင့် ငလေပွေ့ရေငန်တားတာများ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါခရီးစဉ်အတွင်း မြို့မအားကစားကွင်း၌ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာအလယ်တန်းအဆင့် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၊ ကျောင်းပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့ကို တက်ရောက်ကြည့်ရှုအားပေးပြီး အားကစားခန်းမပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးတွင်ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ဆေးရုံ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ကျောက်မဲမြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် အမျိုးသမီးများ ဝင်ငွေတိုးရေး စက်ချုပ်သင်တန်း ဖွင့်လှစ်

**ကျောက်မဲ ဩဂုတ် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းပါ အမျိုးသမီးများဝင်ငွေတိုးရေးဆောင်ရွက်မည့် စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျောက်မဲမြို့နယ် မန်ကျောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေက အမှာစကားပြောကြားပြီး ကျောက်မဲမြို့နယ် ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်း ကျောင်းအုပ် ဦးသိန်းမြင့်ထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်က သင်တန်းသား သင်တန်းသူများထံ သင်တန်းသုံးပစ္စည်းများ ပေးအပ်သည်။

သင်တန်းတွင် သင်တန်းသူ ၁၀ ဦးအား ပထမအကြိမ် အခြေခံစက်ချုပ်သင်တန်းကို သင်တန်းကာလရက် ၃၀၊ ဒုတိယအကြိမ် အဆင့်မြင့်သင်တန်းကို သင်တန်းကာလ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ “လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု” လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် ဩဂုတ် ၄**



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၄)နှင့် တောင်ကြီးမြို့ အထက(၂)တို့၌ ယနေ့တွင် ကျောင်းသား လူငယ်များ ဦးဆောင်သော စကားဝိုင်းကို ကျင်းပပြီး ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန် လိုအပ်မှုများနှင့် စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြကာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားကြသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးရုံး၊ ကော်မရှင်ရုံးခွဲ (ရန်ကုန်)နှင့် (တောင်ကြီး)မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့နှင့် တောင်ကြီးမြို့တို့ရှိ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုကို လက်သင့်မခံသည့် ဖြောင့်မတ် တည်ကြည်မှုရှိသော အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်၍ “လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု” လူငယ်စကားဝိုင်းများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## အခြေခံပညာကျောင်း ၁၉၆ ကျောင်းမှ KG ကလေးများအား ကျောင်းတွင်းအာဟာရကျွေး

**အိမ်မဲ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (တတိယအကြိမ်)အဖြစ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အတွင်းအခြေခံပညာကျောင်း ၁၉၆ ကျောင်းမှ KG ကလေးစုစုပေါင်း ၃၃၇၂ ဦးအား အဏုအာဟာရမှုန့်များ အသုံးပြု၍ ကျောင်းတွင်းအာဟာရကျွေးခြင်းများကို အခြေခံပညာကျောင်းများ၌ ဩဂုတ် ၃ ရက်က ဆောင်ရွက်သည်။

ဦးစွာ အထက(၁)မှ KG ကျောင်းသား ကျောင်းသူများ အစားအစာမစားမီ လက်ဆေးနေမှု၊ အစားအစာစားသုံးနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆုဝေထွန်း၊ မြို့နယ်ပညာရေးမှူးနှင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်တို့က ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အထက(၂)၊ အလက (ချောင်းဝ)တို့မှ ကျောင်းတွင်းအာဟာရကျွေးမွေးနေမှုများကို ဆက်လက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရန်ကင်းမြို့နယ်၌ မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ ပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်ဇင်ဦး ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများသည် ဩဂုတ် ၄ ရက်တွင် ရန်ကင်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးများ၏ အန္တရာယ်များအကြောင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို ပညာရေးဌာနနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးထိခိုက်မှုများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုးများ၊ လူငယ်များအနေဖြင့် အန္တရာယ်ရှိသောအပြုအမူများမှ ရှောင်ကြဉ်နေထိုင်ရန် လိုအပ်ချက်များနှင့် ကျန်းမာရေးကောင်းမွန်သည့် လူနေမှုပုံစံများကို အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## လမ်းမတော်မြို့နယ် အလက(၁)၌ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**လမ်းမတော် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းတွင် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက အလက(၁)လမ်းမတော် မြမာလာခန်းမ၌ ပြုလုပ်သည်။

ထိုသို့ အသိပညာပေးဟောပြောရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် များပြုလုပ်ခြင်း၊ လက်ဆေးနည်းကဗျာ သံပြိုင်ရွတ်ဆိုပြီး လက်ဆေးနည်းအဆင့်ဆင့် သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**



# ပေါ်တူဂီနိုင်ငံ၌ ဆိုလာစွမ်းအင်က အကြီးဆုံးလျှပ်စစ်ဓာတ်အားထုတ်လွှတ်ရေး ရင်းမြစ်ဖြစ်လာ

လစ်စဘွန်း ဩဂုတ် ၄

နေရောင်ခြည်စွမ်းအင်သည် ပေါ်တူဂီ၏ အကြီးဆုံး ပြည်တွင်းလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ရင်းမြစ်ဖြစ်လာခဲ့ကြောင်း အမျိုးသားဓာတ်အားလိုင်း အော်ပရေတာက သတင်းထုတ်ပြန်ခဲ့သည်။

၎င်း၏အဆိုအရ နေရောင်ခြည်စွမ်းအင်သည် ပေါ်တူဂီ၏ စုစုပေါင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ၁၉ ရာခိုင်နှုန်းကို ထောက်ပံ့ပေးခဲ့ပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်များသည် ဇူလိုင်လတွင် အမျိုးသားစွမ်းအင်လိုအပ်ချက်၏ ၅၃ ရာခိုင်နှုန်းကိုဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားထုတ်လွှတ်ရာတွင် ရေအားလျှပ်စစ်သည် ၁၆ ရာခိုင်နှုန်း၊ လေစွမ်းအင်သည် ၁၃ ရာခိုင်နှုန်းနှင့် ဇီဝလောင်စာသည် ၅ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မဟုတ်သော အရင်းအမြစ်များသည် စုစုပေါင်းသုံးစွဲမှု၏ ၁၃ ရာခိုင်နှုန်းရှိပြီး ကျန် ၃၄ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းမှုမှတစ်ဆင့် ရရှိသည်။

၂၀၂၆ ခုနှစ်၏ ပထမခုနစ်လအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များသည် နိုင်ငံအတွင်း စုစုပေါင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ၆၈ ရာခိုင်နှုန်းကို လွှမ်းခြုံထားပြီး နေရောင်ခြည်စွမ်းအင်နှင့် ဇီဝလောင်စာတို့က ဒုတိယနေရာတွင် ရှိနေသည်။



ဇူလိုင်လတွင် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ယခင်နှစ်ထက် ၃ ရာခိုင်နှုန်းနှင့် ဇန်နဝါရီလမှ ဇူလိုင်လအထိ ၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဖြစ်ရပ်များ

**ဂျပန်နိုင်ငံ**

ဂျပန်နိုင်ငံတွင် အပူချိန်မြင့်မားမှုကြောင့် လေဖြတ်ခြင်းဝေဒနာ ခံစားခဲ့ရသဖြင့် ယခုသီတင်းပတ်အတွင်း နိုင်ငံသား ၉၀၀၀ ကျော်ကို ဆေးရုံများတွင် ကုသပေးခဲ့ရကြောင်း သိရသည်။

ယခုသီတင်းပတ်အတွင်း အပူဒဏ်ခံစားရသူ ၉၁၈၀ အား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ နိုင်ငံအတွင်းရှိ တိုကျိုစီရင်စုတွင် အပူဒဏ်ခံစားရသူ ၈၉၈ ဦး၊ အိုဆာကာတွင် ၈၄၂ ဦး၊ အိုင်ချီနှင့် ကူမာမိုတိုတွင် ၆၀၁ ဦးနှင့် ၃၀၉ ဦး အသီးသီးရှိပြီး ယခင်သီတင်းပတ်ကထက် ၄၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ နိုင်ငံသား ၃၅၈၈ ဦးတွင် အပူဒဏ်ဆိုင်ရာ ပြင်းထန်နှင့် အသင့်အတင့်ရောဂါလက္ခဏာများတွေ့ရှိခဲ့ပြီး ၅၄၉၈ ဦးတွင် အပျော့စားရောဂါလက္ခဏာများကို တွေ့ရှိကြောင်း သိရသည်။

အပူဒဏ်ခံစားရသူများတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၅၄၇၅ ဦး၊ အသက် ၁၈ နှစ်မှ ၆၄ နှစ်ကြား ၂၈၇၈ ဦး၊ အသက် ၇ နှစ်မှ ၁၇ နှစ်ကြား ၇၇၇ ဦး၊ အသက် ၇ နှစ်အောက် ကလေး ၅၀ ပါဝင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံသားများအား အပူရှပ်ခြင်းကိုကာကွယ်ရန်အတွက် လေဝင်လေထွက်ကောင်းသော နေရာများတွင် နေထိုင်ရန်နှင့် ရေဓာတ်ပြည့်ဝစွာ သောက်သုံးရန် တာဝန်ရှိသူများက ပန်ကြားခဲ့သည်။






**တောင်ကိုရီးယားနိုင်ငံ**

တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဆိုးလ်တွင်လည်း အပူချိန်မြင့်တက်မှုကြောင့် ဒေသခံများသေဆုံးမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ် ထိခိုက်မှုများရှိခဲ့ကြောင်း သိရသည်။

မြို့တော်ဆိုးလ်၏ အရှေ့မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် အပူချိန်ဆိုင်ရာ သတိပေးချက်များထုတ်ပြန်ခဲ့ရသည်။

အမြင့်ဆုံးအပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်သို့ရောက်ရှိခဲ့သည့် ဒေသများနှင့် အမြင့်ဆုံးအပူချိန် ၃၅ ဒီဂရီထက် နှစ်ရက်ဆက်တိုက်ကျော်လွန်နေသည့် ဒေသများတွင် သတိပေးချက်များထုတ်ပြန်ခဲ့သည်။

ဂျောင်ဂီပြည်နယ် ဆိုးလ်မြို့နှင့် အနောက်တောင်ပိုင်း ဂျယ်လိုလာပြည်နယ်ရှိ နေရာအများအပြားတွင်အပူချိန်ဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။

တစ်နိုင်ငံလုံးရှိ အရေးပေါ်ခန်းများတွင် အပူနှင့်ဆက်စပ်သော ရောဂါများအတွက် ၁၀၈ ဦး ကုသမှုခံယူခဲ့ရကြောင်း တောင်ကိုရီးယားနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ၏ အဆိုအရ သိရသည်။

နိုင်ငံတစ်ဝန်းတွင် အပူဒဏ်ကြောင့် ဝက် ၂၈၁၉၄ ကောင်နှင့် ၄ုက် ၄၀၄၂၅၆ ကောင်အပါအဝင် တိရစ္ဆာန် ၄၃၂၄၅၀ ကောင် သေဆုံးခဲ့ရသည်။

**အီတလီနိုင်ငံ**

အီတလီနိုင်ငံသည် နွေရာသီ၏ စတုတ္ထမြောက် အဓိက အပူလှိုင်းနှင့် ရင်ဆိုင်နေရပြီး နိုင်ငံ၏ အချို့ဒေသများတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထက် မြင့်တက်နေကာ မြို့အများအပြားတွင် အမြင့်ဆုံးအပူသတိပေးချက်အောက်တွင် စံချိန်တင်ရှိနေကြောင်း သိရသည်။

ယခုထုတ်ပြန်သည့် အပူဒဏ်ဆိုင်ရာ သတိပေးချက်သည် ရောမ၊ မီလန်၊ ဖလောရန့်စ်၊ ဘိုလော့ဂ်နာ၊ ဗင်းနစ်၊ နေပယ်လ်စ်နှင့် ပါလာမိုအပါအဝင် အဓိကမြို့ကြီးများကို လွှမ်းခြုံထားပြီး အဆိုပါအပူချိန်လွန်ကဲမှုဆိုင်ရာ ရာသီဥတုအခြေအနေများသည် ရောဂါခုခံနိုင်စွမ်းအားနည်းသောအုပ်စုများအတွက်သာမက အပူချိန်မြင့်မားမှုကို ကြာရှည်စွာခံစားရသော ကျန်းမာသူများအတွက်ပါ ကျန်းမာရေးအန္တရာယ်ဖြစ်စေနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒေသခံများနှင့် ခရီးသွားများအား နေ့ခင်းဘက် အပူဆုံးအချိန်များတွင် ပြင်ပလှုပ်ရှားမှုများကို ရှောင်ကြဉ်ရန်၊ ရေဓာတ်ဖြည့်တင်းရန် တာဝန်ရှိသူများကတိုက်တွန်းခဲ့သည်။

**သီရိလင်္ကာ**

သီရိလင်္ကာနိုင်ငံအလယ်ပိုင်းရှိ ဆာဝါယာဂါမူယာပြည်နယ်နှင့် ကန်ဒီ၊ နုရာအိုင်လီခရိုင်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုအပြင် ဆိုးရွားသောရာသီဥတုအခြေအနေများကြောင့် အနည်းဆုံး ခြောက်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အလယ်ပိုင်းပြည်နယ် ဟာတန်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်သည့် မြေပြိုမှုတစ်ခုတွင် မြေကြီးပုံတစ်ခု အိမ်တစ်လုံးပေါ်သို့ ပြိုကျပြီးနောက် လူလေးဦးသေဆုံးခဲ့သည်။ အစောပိုင်းတွင် Nuwara Eliya ခရိုင် တာဝန်ရှိသူ သူရှာရှီတန်နကွန်က လက်ရှိဆိုးရွားသော ရာသီဥတုအခြေအနေများကြောင့် ခရိုင်ရှိ မိသားစု ၅၈၁ စုမှ လူဦးရေ ၂၃၃၁ ဦး ထိခိုက်ခဲ့ရကြောင်း ပြောကြားခဲ့သည်။

ခရိုင်အတွင်း တည်ထောင်ထားသော ဘေးကင်းရေးစင်တာ ခုနစ်ခုသို့ ၁၇၃၄ ဦးအား ရွှေ့ပြောင်းပေးခဲ့သည်။ နိုင်ငံ၏ အမျိုးသားအဆောက်အဦ သုတေသနအဖွဲ့အစည်းသည် Kandy နှင့် Nuwara Eliya ခရိုင်အချို့အတွက် အဆင့် ၃ မြေပြိုမှုသတိပေးချက်များကို ယခင်က ထုတ်ပြန်ခဲ့သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံ၌ ဘူမိသဘာဝဘေးကာကွယ်ရေးလုပ်ငန်းစီမံချက်တစ်ရပ် စတင်မိတ်ဆက်

ပေကျင်း ဩဂုတ် ၄

တရုတ်နိုင်ငံသည် နိုင်ငံအတွင်း ဘူမိသဘာဝဘေးကာကွယ်ရေးဆိုင်ရာ ငါးနှစ်သက်တမ်းရှိသည့် လုပ်ငန်းစီမံချက်တစ်ရပ်ကို စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ဆောင်ရွက်မည့် အဆိုပါလုပ်ငန်းစီမံချက်သည် ရာသီဥတုဘေးကာကွယ်ရေးလုပ်ငန်းများကို အားကောင်းခိုင်မာစွာ ဆောင်ရွက်နိုင်ရန်နှင့် ရာသီဥတုဆိုင်ရာ ဘေးများဖြစ်လာက အခြေခံလူတန်းစားများက ထိရောက်စွာ တုံ့ပြန်နိုင်စေရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဩဂုတ် ၄ ရက်တွင် ထုတ်ပြန်သည့် မှတ်တမ်းတစ်ရပ်အရ သိရသည်။ သဘာဝအရင်းအမြစ်ဆိုင်ရာ ဝန်ကြီးဌာနက ဆောင်ရွက်သည့် အဆိုပါလုပ်ငန်းစီမံချက်အရ သဘာဝဘေးဖြစ်လွယ်သည့် ဒေသများရှိ အိမ်ခြေ ၅၀၀၀၀ အား ပြန်လည်နေရာချထားရန်၊ သဘာဝဘေးဖြစ်လွယ်သည့် နေရာ ၄၂၀၀ တွင် သဘာဝဘေးကာကွယ်ရေးအတွက် အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သဘာဝဘေးဖြစ်လွယ်သည့် နေရာ ၆၁၀၀ တွင် ရှိနိုင်သည့် အတားအဆီးများကို ဖယ်ရှားရန် ဆောင်ရွက်မည်ဖြစ်သည်။

နိုင်ငံအတွင်း မကြာခဏဖြစ်တတ်သည့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးခေါင်ခြင်းကဲ့သို့သော သဘာဝဘေးဆိုင်ရာ ကြိုတင်လေ့လာမှုများ ဆောင်ရွက်ခြင်း၊ သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးစနစ်တပ်ဆင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများအားလေ့လာခြင်းတို့ကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မည့် ငါးနှစ်ကာလအတွင်း ဘူမိသဘာဝဘေးဆိုင်ရာ သတင်းအချက်အလက် ပလက်ဖောင်းတစ်ခုအား တိကျသည့်ဒေတာအချက်အလက်၊ ခေတ်မီသည့် ဉာဏ်ရည်တုနည်းပညာနှင့်ပေါင်းစပ်၍ အမျိုးသားအဆင့်နှင့် ပြည်နယ်အဆင့်ကြား ပေါင်းစပ်မှုကိုမြှင့်တင်ကာ တည်ထောင်မည်ဟု သိရသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တိုကျိုဒေသ အိုဂါဆာဝါယာကျွန်းသို့ တိုင်ဖွန်းမုန်တိုင်း ဒေါ်လ်ဖင်ဝင်ရောက်တိုက်ခတ်

တိုကျို ဩဂုတ် ၄

ဂျပန်နိုင်ငံတွင် ဝင်ရောက်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ဒေါ်လ်ဖင်သည် တိုကျိုဒေသ အိုဂါဆာဝါယာကျွန်းသို့ ဩဂုတ် ၄ ရက်က ဝင်ရောက် တိုက်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျွန်းတွင် မုန်တိုင်းကြောင့် လှိုင်းကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်နိုင်သဖြင့် ဩဂုတ် ၅ ရက်အထိ နေအိမ်ပြင်ပသို့ သွားလာခြင်းမပြုရန် ဒေသခံများအား တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ အိုဂါဆာဝါယာ ပင်လယ်ရေပြင်တွင် လှိုင်းအမြင့် ၉ မီတာအထိ ရောက်ရှိနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



ဒေသတွင်း တစ်နာရီလျှင် ၁၀၈ ကီလိုမီတာနှုန်းရှိသည့် လေပြင်းများ တိုက်ခတ်နိုင်ကြောင်း သိရသည်။ အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် အနောက်ဘက်သို့ ရွေ့လျားပြီး အိုကီနာဝါနှင့် အမာမီဒေသများသို့ ချဉ်းကပ်လာမည်ဟု မျှော်လင့်ရသည်။ ဒေသခံများအနေဖြင့် သဘာဝဘေးဆိုင်ရာ သတင်းအချက်အလက်များကို သတိပြုနားထောင်ကြရန် တာဝန်ရှိသူများက ပန်ကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**


# ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia–EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း စခန်း ၃၄ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေ နမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၄ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၄ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိပါကြောင်း တွေ့ရှိရပါသည်။


**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ။

**၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၂ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ |
| ၃ | ခန္တီး | ၇.၀ |
| ၄ | လားရှိုး | ၇.၁ |
| ၅ | တောင်ကြီး | ၆.၆ |
| ၆ | မိုင်းဆတ် | ၆.၅ |
| ၇ | ကျိုင်းတုံ | ၆.၉ |
| ၈ | စစ်ကိုင်း | ၆.၅ |
| ၉ | ဟုမ္မလင်း | ၆.၆ |
| ၁၀ | ဟားခါး | ၆.၇ |
| ၁၁ | ညောင်ဦး | ၆.၆ |
| ၁၂ | မုံရွာ | ၆.၇ |
| ၁၃ | ပျဉ်းမနား | ၆.၉ |
| ၁၄ | ပြင်ဦးလွင် | ၆.၈ |
| ၁၅ | ကလေးဝ | ၇.၂ |
| ၁၆ | ရန်ကုန်(ကမ္ဘာအေး) | ၆.၉ |
| ၁၇ | မှော်ဘီ | ၆.၈ |
| ၁၈ | မကွေး | ၇.၁ |
| ၁၉ | အောင်လံ | ၆.၇ |
| ၂၀ | လွိုင်ကော် | ၆.၇ |
| ၂၁ | စစ်တွေ | ၆.၅ |
| ၂၂ | ပြည် | ၆.၅ |
| ၂၃ | ပဲခူး | ၆.၇ |
| ၂၄ | တောင်ငူ | ၆.၅ |
| ၂၅ | ပုသိမ် | ၆.၉ |
| ၂၆ | မအူပင် | ၆.၆ |
| ၂၇ | ဟသ်ာတ | ၆.၉ |
| ၂၈ | မော်လမြိုင် | ၆.၅ |
| ၂၉ | ဘီးလင်း | ၆.၆ |
| ၃၀ | ဘားအံ | ၆.၈ |
| ၃၁ | ကော့ကရိတ် | ၆.၈ |
| ၃၂ | ထားဝယ် | ၆.၆ |
| ၃၃ | မြိတ် | ၆.၆ |
| ၃၄ | ကော့သောင်း | ၆.၉ |




ပုံ(၂)၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများ ပြပုံ။

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက် PDF တွေရဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုတွေကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ များစွာထိခိုက်ဆုံးရှုံးနေ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးလုပ်ရင်းနဲ့ ဓားပြဖြစ်လာကြသော စကားဝါမြေမှ အညာ PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လက်နက်၊ ခဲယမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံကိုတွေ့ရစဉ်။




ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၃၆ ဦးအား ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သည့်နေရာ၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လက်နက်/ခဲယမ်းများ၊ လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်ပြမြေပုံ။

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများသည် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရလိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီခွဲခန့်တွင် နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာ၏တောင်ဘက် မီတာ ၂၅၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျားပေ (၈၀ x ၆၀) အုတ်ကာ၊ သွပ်မိုး အဆောက်အအုံတစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီးနှစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့အား P-365 အမျိုးအစား ပစ္စတိုတစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉ မမကျည် ငါးတောင့်၊ UZI အမျိုးအစား ပစ္စတို တစ်လက်၊ ကျည်အိမ်တစ်ခု၊ ပွိုင့် ၃၈ ကျည် ကိုးတောင့်၊ AK-47 မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၇ ဒသမ ၆၂ မမ ကျည်တောင့် ၅၀၊ လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဖုန်းမျိုးစုံ ၆၇ လုံး၊ All in One ကွန်ပျူတာ လေးလုံး၊ CPU တစ်လုံး၊ Starlink ခြောက်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက် ရှိကြောင်းနှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကာ သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကွယ်မှ ပါဝင်ပတ်သက်နေသူ များကိုလည်း စုံစမ်းဖော်ထုတ်ကာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား နှစ်ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၄**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးနှင့် ဘယ်လာရုစ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား နှစ်ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Consular Mr. Sandra Burnama နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံရုံးမှ Consular Mrs. Koranum Sukome Itilorn နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦး ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၃ ဦးတို့အား သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကြွေးတင်ခံသုံးစွဲမှု




ယခုအခါ ထေယျပရိဘောဂ-ခိုးယူ၍ သုံးစွဲမှုအကြောင်း လေ့လာပြီးကြလေပြီ။ ထေယျပရိဘောဂမှာ ဒုဿီလ သီလမရှိဘဲနှင့် ပစ္စည်းလေးပါးသုံးစွဲမှုကြောင့် ထိုက်ရသောပရိဘောဂဖြစ်သည်။

ယခု ဣဏပရိဘောဂကမူ သီလရှိပါလျက် ပစ္စည်းလေးပါးကိုသုံးစွဲသည့်အခါ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲသုံးစွဲသဖြင့် ကြွေးယူ၍ သုံးစွဲသည်နှင့်တူသောကြောင့် ဣဏပရိဘောဂဟုခေါ်ရခြင်းဖြစ်သည်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ဘဝကို ကျွန်တော်တို့က သာမန်အကြည့်နှင့်ကြည့်လျှင် ပေါ့ပေါ့ပဲဟု အထင်ရောက်တတ်ကြသည်။ အမှန်မှာ ရှင်ရဟန်းဘဝဟူသည် အလွန်ခက်ခဲနက်နဲသိမ်မွေ့သော ဘဝကြီးဖြစ်သည်။

စားမှုသောက်မှု၊ နေထိုင်မှု၊ ပြောမှုဆိုမှုမှစ၍ အရာရာသည် တင်းကျပ်သော သိက္ခာပုဒ်များနှင့် ချည်းဖြစ်သည်။ ပရိယတ်၊ ပဋိပတ်ဟူသော တာဝန်နှစ်ရပ်မှာလည်း လွယ်ကူချောင်ချိသောလုပ်ငန်းများမဟုတ်၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတော်များ ဖြည့်ကျင့်ဆည်းပူးပြီးမှ ရရှိလာသော နိဗ္ဗာနဓာတ် အမြိုက်နိဗ္ဗာန်သို့ရောက်ဖို့ လမ်းကြောင်းကြီးကို ချမှတ်ပေးထားသော တာဝန်ကြီးနှစ်ရပ်ဖြစ်သည်။ သာမန် ဉာဏ်စွမ်းဉာဏ်စ၊ သာမန်သတ္တိလေးမျှနှင့် ထိုတာဝန်ကြီးများကို ထမ်းဆောင်နိုင်ဖို့ဝေးစွ စိတ်ကူးမျှပင်မသီဝံ့နိုင်သော တာဝန်ကြီးများဖြစ်သည်။

သာသနာ့ဘောင် ရောက်ပြီဆိုသည်နှင့် သည်နေ့ရောက်လျှင် သည်နေ့အရုဏ်မတက်မီကပင် ဣဏပရိဘောဂမထိုက်အောင်၊ ကြွေးတင်ခံသုံးဆောင်ခြင်းမျိုးမဖြစ်အောင် ပစ္စဝေက္ခဏာဆင်ခြင်ကြရပေသည်။ ပစ္စဝေက္ခဏာဟူသည်မှာ ဆင်ခြင်ခြင်းကို ခေါ်သည်။ ဆင်ခြင်ခြင်းဟူသည်မှာလည်း ကျွန်တော်တို့ လှူဒါန်းထားသော ကျောင်း၊ ဆေး၊ ဆွမ်း၊ သင်္ကန်းဟူသော ပစ္စည်းလေးပါးအပေါ် အသိဉာဏ်စူးစိုက်ပြီး ဆင်ခြင်ရသည်။

လူ့ဘဝတုန်းကလို အမှုမဲ့အမှတ်မဲ့ဖြင့် စားလို့မရ၊ နေလို့မရ၊ ဝတ်လို့မရ၊ အမြဲဆိုသလို ပစ္စဝေက္ခဏာ သတိနှင့် ဆင်ခြင်နေရသည်။ တစ်နေ့မဆင်ခြင်မိလျှင် တစ်နေ့အကြွေးတင်သည်။

လောက၌ အကြွေးယူသူသည် နှစ်မျိုးရှိသည်။ တစ်မျိုးကား အကြွေးယူပြီး ပြန်မဆပ်နိုင်သူနှင့် ကြွေးယူပြီးပြန်ဆပ်သူဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

ထိုနှစ်မျိုးအနက် ရဟန်းသာမဏေတို့အဖို့ ဆိုင်ရာ သီလ သိက္ခာပုဒ်တို့နှင့် ပြည့်စုံသော်လည်း ပစ္စည်းလေးပါး သုံးစွဲသည့်အခါကျတော့ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးစွဲမိပါက ကြွေးပြန်မဆပ်သူနှင့်တူပြီး ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲသော ရှင်ရဟန်းများကျတော့ ကြွေးမြီကင်းကင်းနှင့် ပစ္စည်းလေးပါးကို သုံးစွဲသူနှင့် တူကြလေတော့သည်။

အလှူခံဘက်က ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးစွဲမိပါက အလှူပေးပုဂ္ဂိုလ်များအဖို့ အလှူအကျိုး ဆုတ်ယုတ်ရသည်။ အကြောင်းမှာ အလှူခံပုဂ္ဂိုလ်က သီလမစင်ကြယ်သောကြောင့်ဖြစ်သည်။ ပစ္စဝေက္ခဏာ မဆင်ခြင်ပါက ပစ္စယသန္နိဿိတ သီလ ပျက်သောကြောင့် ဖြစ်ရလေသည်။ သို့အတွက် ဒကာတို့အကျိုးမဆုတ်ယုတ်ရအောင် တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ်မျှ ပစ္စဝေက္ခဏာ ဆင်ခြင်တော်မူကြလေသည်။

သို့ဖြင့် မိမိတို့ကိုးကွယ်ရာ ရဟန်းသာမဏေတို့ ဘဝမလွယ်ကူပုံကို ချင့်ချိန်ကြည့်ရှုပြီး အရင်ကထက် ပိုကြည်ညိုနိုင်ရပေမည်။

# ရှင်ရှင်လူလူ ပစ္စဝေက္ခဏာ ဆင်ခြင်အပ်၊ တဏှာပယ်ခွာရေး၊ အရိယာဝံသတရားလေးပါး

သဗ္ဗညုဘုရားရှင်၏ သာသနာ့ဘောင်သို့ ရောက်လာကြသည့် သာသနာ့အမွေခံ ရှင်သစ်၊ ရဟန်းသစ်လေးများအဖို့ သင်္ကန်းဝတ်သည့်နေ့မှာပင် အရုဏ်မတက်မီ အိပ်ရာကထ၍ ပစ္စဝေက္ခဏာဆင်ခြင်ရကြောင်း အမြွက်မျှဖော်ပြပြီးဖြစ်သည်။ ပစ္စဝေက္ခဏာ တစ်နေ့မဆင်ခြင်လျှင် တစ်နေ့ကြွေးတင်ကြောင်း၊ ပစ္စယသန္နိဿိတ သီလပျက်စီးကြောင်းကိုလည်း ဖော်ပြပြီးဖြစ်သည်။

ပစ္စဝေက္ခဏာဟူသည်မှာ ပစ္စည်းလေးပါးကို သုံးစွဲရာ၌ အဖန်ဖန်အထပ်ထပ် ဉာဏ်ဖြင့်သက်ဝင်၍ ဆင်ခြင်ခြင်းဖြစ်သည်။ ရှင်ရဟန်းတို့အဖို့ အလွန်အရေးကြီးလှပေသည်။

လူဝတ်ကြောင် ဘဝကလို ဝတ်ချင်တိုင်းဝတ်၊ စားချင်တိုင်းစား၊ နေချင်သလိုနေ၍မရ။ အဝတ်အစား အနေအထိုင်တို့၌ ပစ္စဝေက္ခဏာ သတိလေး အမြဲတမ်း ကပ်ထားရပေသည်။

သို့ဖြင့် အချို့မိဘတို့သည် မိမိတို့သားသမီးများကို ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ သွတ်သွင်းတော့မည်ဆိုလျှင် ဆရာဘုန်းကြီးထံ အစောကြီးက ကြိုတင်၍ အပ်နှံထားပေသည်။ ဆရာဘုန်းကြီးက သင်္ကန်းမဝတ်ခင်က ကြိုတင်၍ ပစ္စဝေက္ခဏာဆင်ခြင်ပုံ စသည်တို့ကို အကျိုးနှင့် အကြောင်းနှင့်ပြ၍ သွန်သင်ပေးတတ်ကြသည်။

အချို့ မိဘတို့ကျပြန်တော့လည်း မိမိတို့၏ အခြေအနေအရ အစောကြီးမအပ်နှံနိုင်ကြသဖြင့် အနီးကပ်ခါမှ ကျောင်းသို့ပို့ကြရလေသည်။ ထိုသို့ သင်္ကန်းဆီးခါနီးမှ ရောက်လာသူဖြစ်ကလည်း ဆရာဘုန်းတော်ကြီးများက ဂရုတစိုက်နှင့် မိမိတို့ အနားမှာထားပြီး ပစ္စဝေက္ခဏာ ဆင်ခြင်ပေးကြသည်။ အရုဏ်မတက်ခင်၊ တစ်ရက်အလွန်မခံကြရှာပေ။ ပစ္စဝေက္ခဏာဆင်ခြင်ခိုင်းသည့် ဗုဒ္ဓ၏ရည်ရွယ်ချက်မှာ ပစ္စည်းလေးပါးအပေါ် မက်မောတွယ်တာမှု စသောအာသဝေါတရားတို့မှ ကင်းစေရန်ဖြစ်သည်။

သို့ဖြင့်ပစ္စည်းလေးပါးကိုဆင်ခြင်ရာအခါကိုလည်း ဖော်ပြထားသည်။ ၎င်းတို့မှာ-

၁။ ပဋိလာဘကာလ ပစ္စည်းလေးပါးကို ရသည့်အခါနှင့်။

၂။ ပရိဘောဂကာလ- ပစ္စည်းလေးပါးကို သုံးစွဲသည့်အခါတို့ဖြစ်သည်။ ထိုအခါမျိုးမှာ မဆင်ခြင်မိလျှင် တစ်နေ့အနည်းဆုံး အရုဏ်မတက်မီအတွင်း တစ်ခါလောက်ဖြင့် ဆင်ခြင်မိအောင် ဆင်ခြင်ရလေသည်။

ဤသို့ ပစ္စည်းပစ္စယတို့ကို ဆင်ခြင်၍သုံးစွဲမှုသည် ရှင်ရဟန်းတို့သာမက ကျွန်တော်တို့ လူဝတ်ကြောင်များလည်း ဆင်ခြင်သုံးစွဲနိုင်လေသည်။ ထိုသို့ဆင်ခြင်သုံးစွဲပါက ပစ္စည်းအပေါ် တွယ်တာမှု၊ မက်မောမှု၊ နှမြောတွန့်တိုမှု စသော ကိလေသာတရားဆိုးများမှ ကင်းဝေးနိုင်သည်။

ပစ္စည်းလေးပါးအပေါ် ဆင်ခြင်ပုံမှာ နှစ်မျိုးရှိသည်။ တစ်မျိုးက ဓာတုသညာဖြစ်ပြီး နောက်တစ်မျိုးက ပဋိကူလသညာဖြစ်သည်။

ဓာတုသညာအားဖြင့် ဆင်ခြင်ပုံမှာ "ပစ္စည်းလေးပါးသည်လည်းကောင်း၊ ပစ္စည်းလေးပါးကို သုံးစွဲသောပုဂ္ဂိုလ်သည် လည်းကောင်း အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ဓာတ်လေးပါး အစုမျှသာ ဖြစ်ပါပေသည်တကား"ဟု ဆင်ခြင်ရပေသည်။ ပဋိကူလအားဖြင့် ဆင်ခြင်ပုံမှာ သင်္ကန်း (အဝတ်အစား)၊ ဆွမ်း(စားသောက်ဖွယ်)နှင့် ကျောင်း(အိမ်) ဆေးတို့မှာ ရွံရှာဖွယ်မဟုတ်သော်လည်း ပုပ်သော ခန္ဓာကိုယ်ပေါ်ရောက်ပါက စက်ဆုပ်ရွံရှာဖြစ်သွားကြပါတကားဟု ဆင်ခြင်ရပေသည်။

ဤသို့ ပစ္စည်းလေးပါးနှင့်စပ်၍ ဆင်ခြင်နိုင်လျှင် ရှင်ဖြစ်စေ၊ လူဖြစ်စေ ထိုပစ္စည်းတို့နှင့်စပ်၍ အလောင်းအကျွမ်းခံရသော ကိလေသာအပူမီးတို့မှ ကင်းဝေးသက်သာပြီး မဆင်ခြင်သူထက် အေးချမ်းမှုရနိုင်ပေသည်။

## တဏှာပယ်ခွာရေး

ပြီးခဲ့သော အမှတ်(၅၇)က ကျွန်တော်တို့ ပစ္စဝေက္ခဏာကို လူရော ရှင်ရော ဆင်ခြင်သင့်ကြောင်း အမြွက်မျှရေးသားပြီးဖြစ်သည်။ မှန်ပါသည်။ ကျွန်တော်တို့အနေဖြင့် ပစ္စဝေက္ခဏာကို အမြဲလိုလို သတိတရားလေးနှင့်ရှုဆင်ခြင်သွားနိုင်ဖို့လိုသည်။

ယခုဘဝမှာ အလွန့်အလွန် ကံကြီးသီလို့ ကျွန်တော်တို့ ထေရဝါဒ သာသနာတော်ကြီးနှင့် ကြုံကြိုက်လာရခြင်းဖြစ်သည်။ ဤထေရဝါဒ သာသနာတော်ကြီးသာ ကွယ်ပသွားမည်ဆိုလျှင် မတွေးဝံ့လောက်အောင် အဖြစ်ဆိုးစရိုက်လောကကြီးနှင့် ဘဝပေါင်းမည်မျှအထိ ကြုံနေရဦးမည်မသိချေ။ သို့အတွက် ယခုလို သာသနာနှင့် တွေ့ကြုံခိုက်မှာ မိမိဘဝအတွက် သံသရာ အဆုံးသတ်နိုင်ရေးကို အပတ်တကုတ်ကြိုးစားပြီး အမြတ်ထုတ်သွားသင့်ပေသည်။

သာသနာတော်က ဖောင်းသတ်ပေးထားသောအချုပ်မှာ 'တဏှာပယ်ခွာနိုင်ရေး' ပင်ဖြစ်သည်။ တဏှာကိုနိုင်အောင် ဇက်မသတ်နိုင်သဖြင့် ကျွန်တော်တို့သံသရာမှာ ဒုက္ခမျိုးစုံနှင့် တင်းကျမ်းတွေ့ကြုံခံစားနေရပေသည်။ အရင့်အရင်ကလည်း ခံစားခဲ့ရသည်။ ယခုလည်း ခံစားရဆဲ၊ နောင်လည်းခံစားရပေဦးမည်။

သို့ဖြင့် ဗုဒ္ဓသည် တဏှာအကြိုက် ပစ္စည်းလေးပါးကို အမှုမဲ့အမှတ်မဲ့ အသုံးမပြုဘဲ ဆင်ဆင်ခြင်ခြင်သုံးနိုင်အောင် ပစ္စဝေက္ခဏာ ဆင်ခြင်ဖို့ မိန့်တော်မူခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ လူဝတ်ကြောင်များအဖို့လည်း ပစ္စည်းလေးပါးကို သုံးစွဲတိုင်း ဓာတုသညာ၊ ပဋိကူလသညာတို့ဖြင့် ဆင်ဆင်ခြင်ခြင် သုံးစွဲထားနိုင်လျှင် တဏှာကို အမြစ်ပြုတ်အောင် မဖြုတ်နိုင်သေးသည့်တိုင် ပါးလုပ်သွားအောင်၊ နည်းပါးသွားအောင်၊ သူများထက် အဖြစ်မဆိုးအောင် နှိမ်နင်းနိုင်ပြီးဖြစ်ပေလိမ့်မည်။

ဥပမာ ကျွန်တော်တို့ အလွန်မက်မောသော ပစ္စည်းလေးပါးကို အသုံးပြုတော့မည်ဆိုလျှင် ဓာတ်သဘော စက်ဆုပ်ရွံရှာဖွယ်သဘောသို့တင်၍ ဆင်ခြင်ပွားများနိုင်ရမည်။ ထိုအခါ မိမိတို့ အလွန်နှစ်သက်သောပစ္စည်းများ မိမိကြောင့်ဖြစ်စေ၊ တခြား တစ်စုံတစ်ဦးကြောင့်ဖြစ်စေ စသည်ဖြင့် တစ်မျိုးမျိုးကြောင့် ထိခိုက်ပျက်စီးမှုမျိုး၊ ဆုံးရှုံးမှုမျိုးရှိခဲ့ပါက ပစ္စဝေက္ခဏာ ဆင်ခြင်ပွားများနေသူအဖို့ ဒေါသမီး၊ သောကမီး စသည်တို့၏ အလောင်အကျွမ်းကို ခံနိုင်ပေလိမ့်မည်။ သို့မဟုတ်ပါက တရှူးထိုးဒေါသအိုးကြီးပေါက်ကွဲသွားနိုင်ပေသည်။

ပစ္စည်းသည် တဏှာ၏ဆွဲမက်ရာအာရုံမျိုးဖြစ်သည်။ ပစ္စဝေက္ခဏာ မဆင်ခြင်သူအဖို့ ပစ္စည်းအပေါ်၌ မက်မောခြင်းဂေဓဖြစ်၏။ ထိုဂေဓကြောင့် တွေဝေခြင်း မောဟဖြစ်၏။ ထိုမောဟကြောင့် မာန်ယစ်ခြင်း၊ မဒတရားဖြစ်၏။ ထိုမာန်ယစ်ခြင်း မဒတရားကြောင့်ပင် ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း ပမာဒတရားဖြစ်ရပြန်သည်။ ဤသို့ကိလေသာတရားညစ်တို့ ကွင်းဆက်ကြီးဖြစ်လာရခြင်းသည် ပစ္စည်းပေါ်တွယ်တာသော တဏှာကြောင့်ပင် ဖြစ်ရချေသည်။

ထို့ကြောင့် ထိုတွယ်တာမက်မောတတ်သော တဏှာကို ဆင်ခြင်သုံးသပ်မှု ပစ္စဝေက္ခဏာဖြင့် ပယ်ခွာနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးသွားနိုင်ဖို့လိုပေသည်။

## အရိယာဝံသတရားလေးပါး

ကျွန်တော်တို့ ပစ္စဝေက္ခဏာဆင်ခြင်ရပုံနှင့်စပ်၍ လေ့လာနေကြရာ ယခုအခါ၌အတော်လေးစုံသွားပေပြီ။ သို့သော်အခြားသိစရာလေးများရှိသေးသဖြင့် ဆက်လက်လေ့လာကြရဦးမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် မူလပဏ္ဏာသပါဠိတော် ပါသရာသိ သုတ်တော်၌ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ ပစ္စည်းလေးပါး သုံးစွဲသူတို့ကို မဆင်မခြင် အစာစားမိသဖြင့် မုဆိုးထောင်ထားသော ကျော့ကွင်းမှာမိပြီး မုဆိုးလက်တွင် အသက်ဆုံးရှုံးသွားရသော တောသမင်တို့နှင့်တူ၍ ပစ္စည်းလေးပါးပေါ် ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲသူများကျတော့ မုဆိုးထောင်ထားသော ကျော့ကွင်းမှလွတ်၍ အသက်ချမ်းသာရသွားသော တောသမင်တို့နှင့်တူကြောင်းကို မိန့်တော်မူခဲ့လေသည်။

ထို၌ ဗုဒ္ဓဆိုလိုရင်းအချုပ်အခ်ိပ္ပာယ်မှာ ပစ္စည်းနှင့်စပ်၍ ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲနိုင်လျှင် တဏှာဟူသော ကျော့ကွင်းမှ ရှင်ရှင်၊ လူလူ လွတ်ကြရသည့်အကြောင်းပင်ဖြစ်သည်။ ဤတွင် အရိယာဝံသ တရားလေးပါးကို သိထားဖို့လိုလာပြန်သည်။ ထိုတရားလေးပါးကား-

၁။ သင်္ကန်း(အဝတ်အစား)ဟူသော ပစ္စည်းအပေါ်၌ ရောင့်ရဲလွယ်နိုင်ခြင်းတစ်ပါး။

၂။ ဆွမ်း (စားသောက်ဖွယ်ရာ) ဟူသော ပစ္စည်းအပေါ်၌ ရောင့်ရဲလွယ်နိုင်ခြင်းတစ်ပါး။

၃။ ကျောင်း(အိမ်)ဟူသော ပစ္စည်းအပေါ်၌ ရောင့်ရဲလွယ်နိုင်ခြင်းတစ်ပါး။

၄။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူသော ဘာဝနာအလုပ်၌ မွေ့လျော်ခြင်းတစ်ပါးဟူ၍ အားလုံး လေးပါးရှိလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ASEAN Championship Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုပွဲစဉ် မြန်မာအမျိုးသား လက်ရွေးစင်အသင်းနှင့် လာအိုအမျိုးသား လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်






ရန်ကုန် ဩဂုတ် ၄

အာဆီယံဘောလုံး အဖွဲ့ချုပ် (AFF)က ကြီးမှူးကျင်းပသည့် ASEAN Championship Hyundai Cup 2026 ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်အဖြစ် မြန်မာအမျိုးသား လက်ရွေးစင်အသင်းနှင့် လာအိုအမျိုးသား လက်ရွေးစင် အသင်းတို့သည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသား လက်ရွေးစင်အသင်းက ခုနစ်ဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ထိုသို့ မြန်မာအမျိုးသား လက်ရွေးစင်အသင်းနှင့် လာအိုအမျိုးသားလက်ရွေးစင် အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာအမျိုးသား လက်ရွေးစင်အသင်း၏ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစား သမားများအား နှုတ်ဆက်ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မြန်မာအမျိုးသား လက်ရွေးစင်အသင်းသည် ASEAN Championship Hyundai Cup 2026 ပြိုင်ပွဲ အုပ်စု(B)တွင် မလေးရှားအမျိုးသား လက်ရွေးစင်အသင်း၊ ဖိလစ်ပိုင်အမျိုးသား လက်ရွေးစင်အသင်း၊ လာအိုအမျိုးသား လက်ရွေးစင်အသင်းနှင့် ထိုင်းအမျိုးသား လက်ရွေးစင်အသင်းတို့နှင့် ကျရောက်ကာ သုံးပွဲကစား ရမှတ်ခြောက်မှတ်ရရှိထားပြီး ဩဂုတ် ၈ ရက်တွင် ထိုင်းအမျိုးသား လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

## မြန်မာအသင်းအတွက် ဟက်ထရစ်သွင်းယူခဲ့သည့် တိုက်စစ်မှူး ဝင်းနိုင်ထွန်း လာအိုနှင့်ပွဲအတွက် အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံရ



ရန်ကုန် ဩဂုတ် ၄

ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ဩဂုတ် ၄ ရက်က ကျင်းပခဲ့သည့် အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စုပွဲတွင် မြန်မာအသင်းက လာအိုအသင်းကို ခုနစ်ဂိုး - နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ယင်းပွဲတွင် ဟက်ထရစ်သွင်းယူခဲ့သည့် မြန်မာအသင်းတိုက်စစ်မှူး ဝင်းနိုင်ထွန်း အကောင်းဆုံး ကစားသမားအဖြစ် ရွေးချယ်ခံရသည်။

ဝင်းနိုင်ထွန်းသည် နည်းပြသစ် အန်ဒါဆင်လက်ထက်တွင် ပုံမှန်ပွဲထွက်ခွင့်ရခဲ့ပြီး ယခုအာဆီယံဖလားပြိုင်ပွဲတွင် သုံးပွဲကစားရာ၌ သွင်းဂိုးလေးဂိုးအထိ သွင်းယူထားသည်။ ဝင်းနိုင်ထွန်းသည် ဖိလစ်ပိုင်နှင့် အဝေးကွင်းပွဲတွင် တစ်ဂိုး သွင်းယူခဲ့သလို လာအိုအသင်းနှင့် အိမ်ကွင်းပွဲတွင် ဟက်ထရစ် (သုံးဂိုး) သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဝင်းနိုင်ထွန်းသည် ၂၀၊ ၄၁၊ ၈၃ မိနစ်တွင် ဟက်ထရစ် သွင်းယူခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၄ ရက်အထိ ကျင်းပသည့် ပွဲစဉ်များအပြီးတွင် အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ၌ ဟက်ထရစ် သွင်းယူနိုင်သူ ကစားသမား သုံးဦးသာရှိသေးပြီး အုပ်စု(B) ပွဲစဉ်များတွင် မြန်မာတိုက်စစ်မှူး ဝင်းနိုင်ထွန်းက ပထမဆုံး ဟက်ထရစ် သွင်းယူနိုင်သူဖြစ်လာသည်။

**သတင်း - ချစ်ကိုကို**
**ဓာတ်ပုံ - စိုးညွန့်သော်**

**✫ ၂၀၂၆ မှ**

အလားတူ အားကစားရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ငါးဂိုး - လေးဂိုးဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အသင်းကို ၁၁ ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေး ဝန်ကြီးဌာနအသင်းကို ကိုးဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၁၁ ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၅ ရက်တွင် ဖူဆယ်ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

■

**❂ ထိုင်းနိုင်ငံမှ**

ရန်ကုန်စီးတီးအသင်းသည် ဇူလိုင် ၃၁ ရက်က ထိုင်းလိဂ်-၃ ကလပ် ဘူရာဖာအသင်းနှင့် ခြေစမ်းကစားရာ နှစ်ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းခြေစမ်းပွဲတွင် ရန်ကုန်စီးတီးအသင်းသည် နိုင်ငံခြားသားကစားသမားများနှင့် စီနီယာကစားသမားများကို အနားပေးပြီး လူငယ်ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ရန်ကုန်စီးတီးအသင်းသည် ဒုတိယပိုင်းတွင် အမာခံကစားသမားအချို့ ထည့်သွင်းကစားသော်လည်း ပထမပိုင်းတွင် ပေးလိုက်ရသည့်နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်စီးတီးအသင်းသည် ဩဂုတ် ၁ ရက်တွင် ဟွာဟင်းမြို့သို့ ပြောင်းလဲလေ့ကျင့်ခဲ့ပြီး ဩဂုတ် ၃ ရက်က မြို့ခံအသင်းဖြစ်သော ထိုင်းလိဂ်-၃ ကလပ် ဟွာဟင်းစီးတီးအသင်းနှင့် ခြေစမ်းကစားရာ လေးဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းခြေစမ်းပွဲတွင် ရန်ကုန်စီးတီးအသင်းသည် ပြည်တွင်း၊ ပြည်ပ အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ၁၁၊ ၂၈၊ ၅၉ မိနစ်တွင် ကာရင်သွင်းယူသည့် ဟက်ထရစ်၊ ၅၆ မိနစ်တွင် ဆိုင်ဂိုသွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရန်ကုန်စီးတီးအသင်းသည် ထိုင်းခရီးစဉ်တွင် ခြေစမ်းပွဲ ငါးပွဲကစားထားရာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး နောက်ထပ်ခြေစမ်းပွဲများအဖြစ် ဩဂုတ် ၆ ရက်တွင် ဟောင်ကောင်ထိပ်သီးကလပ် ကစ်ချီအသင်း၊ ဩဂုတ် ၉ ရက်တွင် ထိုင်းလိဂ်-၁ ကလပ် ဘန်ကောက်ယူနိုက်တက်အသင်း၊ ဩဂုတ် ၁၂ ရက်တွင် ထိုင်းလိဂ်-၃ ကလပ် မြောင်နေ့ဘ်အသင်း၊ ဩဂုတ် ၁၅ ရက်တွင် ထိုင်းလိဂ်-၂ ကလပ် မြောင်တောင်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - YUFC**

**❖ အင်္ဂလန် မှ**

ပြောင်းရွှေ့ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာ နယ်သာလန်ကလပ်အေဂျက်အသင်းဆီ ပြောင်းရွှေ့ခဲ့ကာ ၂၀၂၅ - ၂၀၂၆ ဘောလုံးရာသီမှာတော့ ပရီမီယာလိဂ်ကလပ် ဘရန်းဖို့ဒ်အသင်းဆီ ပြန်လည်ပြောင်းရွှေ့ခဲ့တာလည်းဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ရလဒ်ပိုင်း ဆိုးရွားမှုဖြစ်ပေါ်ခဲ့ကာ ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၁၀) နေရာမှာ ရပ်တည်ခဲ့တာကြောင့် လာမယ့်ဘောလုံးရာသီမှာ အောင်မြင်မှုရရှိရေးအတွက် ယခုအပြောင်းအရွှေ့ကာလအတွင်းမှာ ကစားသမားအများအပြားကို ခေါ်ယူခဲ့တာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

**✻ အာဆီယံမှ**

တွေ့မြင်ခဲ့ရပြီး အိမ်ကွင်းပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ လိုအပ်နေသည့် အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ လာအိုအသင်းသည် မြန်မာအသင်း၏ နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးသွင်းယူခြင်းကို နောက်မှလိုက်ကစားကာ နှစ်ဂိုးစီသရေအထိ လိုက်ကစားနိုင်သော်လည်း နောက်ပိုင်းတွင် ဂိုးများဆက်တိုက်ပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်ဒါဆန်သည် ဒဏ်ရာရကစားသမားများရှိနေသဖြင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဇင်ညီညီအောင် (ဂိုး)၊ ဇွဲခန့်မင်း၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ ခွန်ကျော်ဇင်ဟိန်း၊ ကျော်မင်းဦး၊ မောင်မောင်လွင်၊ မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ ဝင်းနိုင်ထွန်း၊ သန်းပိုင်တို့ကို အသုံးပြုခဲ့သည်။ ပွဲအစ နှစ်မိနစ်မှာပင် လွင်မိုးအောင်က မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ၁၇ မိနစ်တွင် ဘွန်ချေးက လာအိုအသင်းအတွက် ချေပဂိုးပြန်သွင်းသည်။ မိနစ် ၂၀ တွင် ဝင်းနိုင်ထွန်းက မြန်မာအသင်းအတွက် ဒုတိယဂိုး ထပ်မံသွင်းယူသော်လည်း ပွဲပြန်အစမှာပင် ဖိုသာဗောင်က လာအိုအသင်းအတွက် ချေပဂိုးပြန်သွင်းသဖြင့် နှစ်ဂိုးစီသရေကျကာ အကြိတ်အနယ်ရှိခဲ့သည်။ သို့သော် မိနစ် ၃၀ နောက်ပိုင်းတွင် မြန်မာအသင်း ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၄၁ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၄၅+၆ မိနစ်တွင် အသင်းခေါင်းဆောင် မောင်မောင်လွင်က ပင်နယ်တီမှတစ်ဆင့် ဂိုးများထပ်သွင်းကာ ပထမပိုင်းအပြီးတွင် မြန်မာအသင်းက လေးဂိုး - နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၅၂ မိနစ်တွင် သန်းပိုင်က ပဉ္စမဂိုးသွင်းယူသည်။ သို့သော် မိနစ် ၇၀ တွင် မြန်မာအသင်းခေါင်းဆောင် မောင်မောင်လွင်နှင့် လာအိုအသင်းမှ ဆေဖွန်တို့ ဘောလုံးလုရာမှ အချင်းများပြီး အနီကတ်များဖြင့် ထုတ်ပယ်ခံရသည်။ မောင်မောင်လွင်သည် တစ်ပွဲပယ်ခံရမည်ဖြစ်ရာ ထိုင်းအသင်းနှင့် နောက်ဆုံးပွဲကို လွဲချော်မည်ဖြစ်ပြီး မြန်မာအသင်းအတွက် နစ်နာခဲ့ရသည်။ မြန်မာအသင်းအတွက် နောက်ထပ်အနိုင်ဂိုးများကို ၈၁ မိနစ်တွင် ဟိန်းထက်အောင်နှင့် ၈၃ မိနစ်တွင် ဝင်းနိုင်ထွန်းတို့က သွင်းယူကာ ဝင်းနိုင်ထွန်း ဟက်ထရစ် ရခဲ့သည်။

မြန်မာအသင်းသည် သုံးပွဲကစား ခြောက်မှတ်ရထားပြီး လာအိုအသင်းမှာမူ ပွဲကုန်လေးပွဲကစားရာတွင် လေးပွဲစလုံးရှုံးပြီး ရမှတ်မရဘဲ အုပ်စုအဆင့်မှ ထွက်ရပြီဖြစ်သည်။ အုပ်စု(B) နောက်ဆုံးနေ့ကို ဩဂုတ် ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိုင်းအသင်းနှင့် မြန်မာအသင်း၊ မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ နှစ်ပွဲစလုံး ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် အရေးပါလျက်ရှိသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - စိုးညွန့်သော်**



မြန်မာကစားသမားများ ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။

## ဟုမ္မလင်းမြို့၌ မိုးရာသီ ကွင်းလတ် အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်

ဟုမ္မလင်း ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းအုပ်စု အုပ်ချုပ်ရေးမှူးဖလား မိုးရာသီကွင်းလတ် အလွတ်တန်းဘောလုံး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နားနုန်းကျေးရွာ ကွင်းလတ်ကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရာဇေးက အမှာစကားပြောကြားသည်။

ယင်းနောက် ကွင်းဖွင့်ပွဲ ပွဲစဉ်အနေဖြင့် ခိုပဲဝ star boy နှင့် နားနုန်း FC အသင်းတို့စတင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၄ သင်း ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က(အစင်) Grade(8)တွင် ပညာသင်ကြားနေသော မရွှန်းလဲ့ရတီ၏ ဖခင်အမည်မှန်မှာ ဦးသန်းမြင့်ဦး [၁၀/ရမန(နိုင်)၁၈၃၂၈၅] ဖြစ်ပါကြောင်း။

**ဦးသန်းမြင့်ဦး**

## ဖခင်အမည်မှန်

ပဲခူးတိုင်း ဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက–တော်ဝိ Grade–12(B) တွင် ပညာသင်ကြားနေသော မောင်လင်းမြတ်ထက်၏ ဖခင်အမည်မှန်မှာ ဦးနေလင်းထွန်း ဖြစ်ပါကြောင်း။

**ဦးနေလင်းထွန်း**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)ဦးမြူလမ်း၊မြေကွက်အမှတ်(၁၂၉)ဧရိယာ(၄၀'×၆၀')ရှိသည့်မြေချပါမစ်အမျိုးအစား–ဦးအေးပေ CK-၀၂၁၆၇၇အမည်ပေါက်မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်သည်မြေချပါမစ်တွင် ဦးအေးပေ အမည်ပေါက်နေပြီး အရောင်းအဝယ်ကတိစာချုပ်(အဆက်ဆက်)အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ကိုလတ်(၁၂/ဥကမ(နိုင်)၀၁၅၃၁၃)က အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် ( LL-B )**
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B)**
အထက်တန်းရှေ့နေ(စဉ်–၂၇၇၇)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဂ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ မြေကွက်အမှတ်(၁၃၇)၊ ဧရိယာ(၀. ၀၅၅ ဧက)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၃၇)၊ ရဲရန်နိုင်လမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံ ခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းစိုး [၁၂/မဂတ(နိုင်) ၀၇၀၆၉၇]နှင့် ဒေါ်အေးနန္ဒာလင်း [၈/တတက(နိုင်)၁၀၃၂၁၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍(၇)ရက်အတွင်းခိုင်လုံ သော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉ ၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၂/ဓ)၊ ကွင်းအမှတ် (၅၂၉/A)၊ ကွင်းအမည်–ဂုံညင်းနီတောအနောက်ကွင်း၊ မြေဧရိယာ ၀၀.၁၇ ဧကထဲမှ မခွဲစိတ်ရသေးသော မြေပေအကျယ် (၆၀ပေ x ၈၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်းမပင်(၆)လမ်း၊ ပျဉ်းမပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ချယ်ရီ [၁၂/သကတ(နိုင်) ၁၃၄၂၉၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းစံ [၁၂/ ပဘတ (နိုင်) ၀၀၈၈၅၇] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၁၁၉၈၄၅၊ ၀၉–၉၆၄၁၁၉၈၄၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၈)လမ်း၊ အမှတ်–၂၉/အေ တွင်တည်ရှိသည့် (၆)ခန်းတွဲ (၇)ထပ်တိုက်၏ မြေညီထပ်(ထပ်ခိုးပါ)၊ အကျယ်အဝန်း(၁၂ ပေခွဲ x ၅၀ ပေ)ရှိ တိုက်ခန်းအပါအဝင် နေထိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်လှအေး(ဘ)ဦးမောင်တူး [၁၂/လသန(နိုင်)၀၁၃၁၈၈] ကိုင်ဆောင်သူက ပိုင်ဆိုင်ကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်ကြောင်း ခိုင်လုံသည့် အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၉၈)**
**အမှတ်–၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉၄၄၃၀၄၂၁၃၃၊ ၀၉–၉၇၉၉၅၅၁၁၁**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၅၃၄/ဘီ)၊ မြေကွက်အမှတ် (၁၀၈)၊ (၁၁၈)တို့အပေါ်ရှိ လယ်မြေဧရိယာ(၂၈) ဧကနှင့်ပတ်သက်၍ (၃၀–၇–၂၀၂၆)နေ့ထုတ် ကြေးမုံသတင်းစာတွင် အများသိစေရန်ကြေညာချက်အပေါ် နတ်တော်ကုမ္ပဏီလီမိတက် ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ကြာဖြူဝတ်ရည်၏ (၁–၈–၂၀၂၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် အများသိစေရန်ကြေညာချက် ထည့်သွင်းခဲ့ပြီး ၎င်းကြေညာချက်နှင့်ပတ်သက်၍ အများသိစေရန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ဇောတိကလမ်းတွင်နေထိုင်သော ဒေါ်လှကြည် [၁၂/မဂဒ(နိုင်)၀၆၅၄၂၂]၊ ဒေါ်သန်းမြိုင် [၁၂/မဂဒ(နိုင်) ၀၆၂၁၉၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ မြေတိုင်းရပ်ကွက် အမှတ်(၅၃၄/ဘီ)၊ မြေကွက်အမှတ် (၁၀၈)၊ (၁၁၈)တို့ပေါ်ရှိ လယ်မြေဧရိယာ (၂၈)ဧကနှင့်ပတ်သက်၍ (၃၀–၇–၂၀၂၆)နေ့ထုတ် ကြေးမုံသတင်းစာတွင် အများသိစေရန်ကြေညာချက်ကို လွှဲအပ်ညွှန်ကြားချက်အရ ထည့်သွင်းကြေညာခဲ့ပြီးနောက် အဆိုပါကြေညာချက်နှင့်ပတ်သက်၍ နတ်တော်ကုမ္ပဏီလီမိတက်က (၁–၈–၂၀၂၆)နေ့ထုတ် ကြေးမုံသတင်းစာတွင် အများသိစေရန် ပြန်လည်ကြေညာခဲ့ပါသည်။

အဆိုပါကြေညာချက်တွင် **"နတ်တော်ကုမ္ပဏီလီမိတက်သည် ဇေကမ္ဘာကုမ္ပဏီလီမိတက်ထံမှ မည်သည့်လယ်မြေကိုမှ ဝယ်ယူခဲ့ခြင်းမရှိခြင်းကြောင့် (၃၀–၇–၂၀၂၆)နေ့ထုတ် ကြေးမုံသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြူဖြူအောင် ကြေညာထားသည့် မြေတိုင်းရပ်ကွက် (ကွင်း)အမှတ် (၅၃၄/ဘီ) အတွင်း လယ်မြေဟု ဖော်ပြထားသည့်မြေကွက်များသည် ကျွန်ုပ်၏အမှုသည် နတ်တော်ကုမ္ပဏီနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်"** ဟု ထည့်သွင်းကြေညာခဲ့ပါသည်။

၁၉၉၂–၉၃ ခုနှစ်ကတည်းကစ၍ ယနေ့ထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုဧရိယာအတွင်း တည်ရှိနေပြီး ၂၀၁၃/၂၀၁၄ ခုနှစ်သုံး မြေပုံအရ ရေးကူးခဲ့သည့် မြေတိုင်းရပ်ကွက် အမှတ် (၅၃၄/ဘီ)၊ မြေကွက်အမှတ် (၁၀၈)၊ (၁၁၈)တို့အပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေများသည် ယခင်ဘိုးဘွား စဉ်ဆက်ကတည်းက လယ်ယာစိုက်ပျိုးလုပ်ကိုင်ခဲ့ပြီး အဆိုပါမြေကွက်အမှတ် (၁၀၈)၊ (၁၁၈)အတွင်းရှိ လယ်မြေဧရိယာ (၂၈)ဧကအတွင်းသို့ ဇေကမ္ဘာကုမ္ပဏီလီမိတက်က "မြေတိုင်းရပ်ကွက်အမှတ် ၅/ထင်းရှူးရိပ်သာ–၂၊ မြေကွက်အမှတ် (၁၄၃)" ဟု လိပ်စာတပ်ထားသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန၏ခွင့်ပြုချက်ဆိုင်းဘုတ်ချိတ်ဆွဲကာ ခြံခတ်ခြင်း၊ သဲဖို့ခြင်းလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်နေမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် (၅၃၄/ဘီ)၊ မြေကွက်အမှတ် (၁၀၈)၊ (၁၁၈)တို့နှင့်ပတ်သက်၍ သက်ဆိုင်ရာအစိုးရ ရုံးဌာနများသို့ စာဖြင့်တင်ပြထားရှိပြီး နိုင်ငံပိုင်သတင်းစာတွင် အများသိစေရန်ကြေညာချက်ထည့်သွင်းခဲ့ခြင်းဖြစ်ပါသည်။

ထိုကြေညာချက်တွင် **"ဇေကမ္ဘာကုမ္ပဏီလီမိတက်၊ နတ်တော်ကုမ္ပဏီလီမိတက်နှင့် အများသိစေရန်"** ဟု ထည့်သွင်းကြေညာရခြင်းမှာ ဇေကမ္ဘာကုမ္ပဏီလီမိတက်က မြေတိုင်းရပ်ကွက်အမှတ်– ၅/ထင်းရှူးရိပ်သာ–၂ ဆိုသည့် စည်ပင်ခွင့်ပြုချက်ဆိုင်းဘုတ်ဖြင့် မြေနေရာလွဲမှားစွာ ဝင်ရောက်လုပ်ကိုင်သဖြင့် လည်းကောင်း၊ နတ်တော်ကုမ္ပဏီလီမိတက်အနေဖြင့် (၁၃–၅–၂၀၂၆)နေ့ထုတ် ကြေးမုံသတင်းစာပါ "ဇေကမ္ဘာကုမ္ပဏီလီမိတက်ထံမှ နတ်တော်ကုမ္ပဏီလီမိတက်က ဝယ်ထားသည့် နှစ်(၆၀)မြေငှားဂရန် မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း" ဆိုသည့်ကြေညာချက်တွင် ဝယ်ယူထားသော မြေဧရိယာ၊ မည်သည့်မြေတိုင်းရပ်ကွက်နှင့် မြေကွက်အမှတ်များဖြစ်ကြောင်း ဖော်ပြကြေညာထားမှုမရှိသဖြင့် လည်းကောင်း၊ ဇေကမ္ဘာကုမ္ပဏီက မြေတိုင်းရပ်ကွက်အမှတ် (၅၃၄/ဘီ)အတွင်း ဝင်ရောက်လုပ်ကိုင်နေသော မြေနေရာများသည် နတ်တော်ကုမ္ပဏီမှ ဝယ်ယူထားသည်ဆိုသော မြေဧရိယာအတွင်း ပါဝင်နေပါက မလိုလားအပ်သောပြဿနာများဖြစ်ပွားမှုမရှိစေရန် ရည်ရွယ်၍ ထည့်သွင်းကြေညာခဲ့ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် (၃၀–၇–၂၀၂၆)နေ့ထုတ် ကြေးမုံသတင်းစာပါကြေညာချက်တွင် **"နတ်တော် ကုမ္ပဏီလီမိတက်က ဇေကမ္ဘာကုမ္ပဏီထံမှ ဝယ်ယူထားသည့်မြေအစိတ်အပိုင်းများကို တိကျစွာဖော်ပြ ကြေညာပေးစေလိုကြောင်း"** ကိုသာ ကြေညာချက်ထည့်သွင်းခဲ့ခြင်းဖြစ်ပါသည်။

နတ်တော်ကုမ္ပဏီလီမိတက်အနေဖြင့် (၁–၈–၂၀၂၆)နေ့ထုတ် ကြေးမုံသတင်းစာပါ ပြန်လည်ကြေညာခြင်းတွင် "တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြူဖြူအောင်မှ ကြော်ငြာထားသည့် မြေတိုင်းရပ်ကွက် (၅၃၄/ဘီ)ကွင်းအတွင်းရှိ လယ်မြေဟု ဖော်ပြထားသည့်မြေကွက်များသည် နတ်တော်ကုမ္ပဏီလီမိတက်နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိကြောင်း" ဟု ကြေညာထားသဖြင့် ကျွန်ုပ်၏မိတ်ဆွေများအနေဖြင့် နတ်တော် ကုမ္ပဏီလီမိတက်နှင့် မည်သည့်အငြင်းပွားမှုမှ ဖြစ်ပေါ်ရန် အကြောင်းမရှိပါကြောင်း ရှင်းလင်းသိစေအပ်ပါသည်။

မြေတိုင်းရပ်ကွက်အမှတ် (၅၃၄/ဘီ)အတွင်း ဇေကမ္ဘာကုမ္ပဏီက မြေတိုင်းရပ်ကွက်အမှတ် (၅/ထင်းရှူးရိပ်သာ–၂)၊ မြေကွက်အမှတ် (၁၄၃)၊ (၁၃၀)ဟု ဖော်ပြထားသည့် စည်ပင်ခွင့်ပြုချက်စာ ချိတ်ဆွဲ၍ ဝင်ရောက်လုပ်ကိုင်နေမှုနှင့် ပတ်သက်ပြီး ကာယကံရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေများ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်၏ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများတို့သည် (၃၀–၇–၂၀၂၆)နေ့တွင် စုံညီတွေ့ဆုံ တင်ပြကြရာတွင် မြေတိုင်းရပ်ကွက်အမှတ်(၅၃၄/ဘီ)ကွင်းအတွင်း ထုတ်ပေးပြီး ဂရန်များ ပြန်လည်ရုပ်သိမ်းရန် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သက်ဆိုင်ရာရုံးဌာနများနှင့် လူပုဂ္ဂိုလ်များထံသို့ ၂၀၁၆–ခုနှစ်တွင် အကြောင်းကြားခဲ့သည့်အချက်ကိုပါ ကျွန်ုပ်၏မိတ်ဆွေများက အထောက်အထားများနှင့်တကွ တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ နတ်တော်ကုမ္ပဏီလီမိတက်၏ (၁–၈–၂၀၂၆)နေ့ထုတ်သတင်းစာပါ အများသိစေရန် ပြန်လည်ကြေညာခြင်းတွင် ဖော်ပြထားသည့် **"မြေတိုင်းရပ်ကွက် (ကွင်း)အမှတ်–၅၃၄/ဘီ အတွင်းရှိ လယ်မြေဟု ဖော်ပြထားသည့်မြေကွက်များသည် ကျွန်ုပ်၏အမှုသည် နတ်တော်ကုမ္ပဏီနှင့် မည်သို့မှ သက်ဆိုင်ခြင်းမရှိပါကြောင်း"** ဆိုသည့်အချက်အရ ကျွန်ုပ်မိတ်ဆွေများနှင့် နတ်တော်ကုမ္ပဏီလီမိတက် အကြား မလိုလားအပ်သော မည်သည့်ပြဿနာမျိုးမှ ဖြစ်ပေါ်ရန်အကြောင်း မရှိပါကြောင်း နတ်တော်ကုမ္ပဏီ နှင့် အများသိစေရန်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၈၂၄)**
**အမှတ် (၃၃၆/ခ)၊ အောင်မင်းခေါင်(၁)လမ်း၊ (၇)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊Times City Project အိမ်ရာ၊ ကျွန်းတောလမ်း၊ တိုက်အမှတ်–၂ဘီ (၁၂၃၄၅)၊ တိုက်ခန်းအမှတ်–၂၁၂(၅၇၇၀ စတုရန်းပေ) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် တည်ဆောက်ထားသော (၅)ခန်းတွဲ(၆)ထပ်တိုက်ခွဲတိုက်၏ အခန်းအမှတ်–၂၁၂(၅၇၇၀ စတုရန်းပေ) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဒေါ်နန်းအောင် [၁၃/ကဟန(နိုင်)၀၀၁၂၁၀] အမည်ပေါက်ပြီး ရောင်းချခြင်းဖြင့်စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟန်ထူး [၁၂/မရက(နိုင်)၁၃၈၆၇၀] မှ အပြီးပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အပေါ်ကန့်ကွက်လိုပါကကြေညာချက်ပါရှိသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသော ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း –၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ (၆)ရပ်ကွက်၊ နဝဒေးဈေးလမ်း၊ နဝဒေးအိမ်ရာ၊ တိုက်အမှတ်–၈၂၊ အခန်းအမှတ်–၁၂၊ အကျယ်အဝန်း(၄၅၀စတုရန်းပေ) အကျယ်ရှိသော ဦးစိုင်းမြင့်ဌေး [၁၃/လရန(နိုင်)၁၂၇၆၇၂] Owner Book အမည်ပေါက် လူနေဆိုင်ခန်းနှင့်တကွ ယင်းဆိုင်ခန်းတွင်တွယ်ကပ်တပ်ဆင်ထားသော လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူဖြစ်သော ဒေါ်ညိုမာဝေ [၆/ပလန(နိုင်)၀၀၁၈၃၀] ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေများ |
|---|---|---|
| ဦးဝဏ္ဏဇော် (စဉ်–၉၇၈၀) | ဒေါ်အိအိစံ (စဉ်–၁၀၂၁၈) | ဦးမင်းမင်း (စဉ်–၂၇၃၂၀) |
| ဒေါ်စန်းစန်းနု (စဉ်–၁၄၁၈၄) | ဒေါ်စိုးစိုးနွယ် (စဉ်–၁၄၁၈၃) | ဒေါ်နွေးနွေးအိ (စဉ်–၄၉၄၇၁) |
| ဒေါ်အေးမွန်သိန်း (စဉ်–၁၆၂၆၉) | | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း– ၀၉ ၅၁၄၃၈၀၂၊ ၀၉–၅၁၈၁၁၈၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉/သုဝဏ္ဏ(ရွှေဝါဆန်)၊ မြေကွက်အမှတ်(၅၀)၊ အကျယ်အဝန်း(၁၂၅၀)စ/ပေ၊ (၀. ၀၂၈)ဧက၊ အကျယ်ရှိ PAW SAN HMWE MANAGEMENT CO LTD အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက် (အရပ်ခေါ်) ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉/သုဝဏ္ဏ)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ်(၅၀) ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမှန်တကယ်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းကြိုင် [၁၂/ဗဟန (နိုင်)၀၆၈၃၁၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း) များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝတ်ရည်ဌေး (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၂၀၁၉၂)**
**အမှတ်(၉၆)၊ သပြေကန်(၄)လမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၀၂၀၃၉၆၀၊ ၀၉–၄၃၁၈၅၅၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၉)၊ မြေကွက်အမှတ်(၁၃) ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀x၆၀)ပေရှိ မြေချပါမစ် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြသောင်း (AE–၂၃၉၂၄၂)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းနွမ်းခမ်း [၁၂/ရကန(နိုင်)၀၅၇၁၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုဝါမြင့် [၅/မရန(နိုင်)၁၇၆၁၉၈]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါခိုင် LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၆၅)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၄၂၀၁၀၇၇၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ စိန်ပန်းလမ်း(၆)ရပ်ကွက် အမှတ်–၈၇/၁၀၃ နေ (ဘ)ဦးသောင်းစိန်၏ သမီးဖြစ်သူ ဒေါ်စန်းစန်းအိမှအောက်ပါအတိုင်းကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဒေါ်စန်းစန်းအိနှင့်ဦးဇေထွဋ်ဝင်း[၁၄/ဘကလ(နိုင်)၁၆၃၁၉၆]သည် သားအမိအရင်းတော်စပ်ပြီး ဦးဇေထွဋ်ဝင်းမှာ (၁၆–၆–၂၀၂၅)ရက်နေ့တွင်ကွယ်လွန်သွားသောကြောင့် KBZ BANKမှZay Htut Win အမည်ဖြင့်ဖွင့်လှစ်ထားသော အကောင့်များ ရှိလက်ကျန်ငွေများအား မိခင်ဖြစ်သူ ကျွန်မမှလွှဲပြောင်းထုတ်ယူမည့်ကိစ္စနှင့် ပတ်သက်၍ အမွေဆက်ခံသူများနှင့် မောင်နှမသားချင်းများမှ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါကငွေထုတ်ယူမည့်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကောင်းဥာဏ်လင်း(LLB)**
**အထက်တန်းရှေ့နေ(စဉ်–၅၃၀၄၉)**
**အမှတ်–၆၂၄(ခ)၊ မြရည်နန္ဒာလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့ နယ်၊ ရန်ကုန်မြို့။ Ph–09–698286502**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ သီရိမြိုင်(၈)လမ်း၊ အမှတ် (၃၇/ခ)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၅)ထပ်တိုက် အဆောက်အဦ၏ (မြေညီထပ်)၊ အကျယ်အဝန်း ($12\frac{1}{2}$' x 50') ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ကိုယ်ပိုင် ရေ/မီးအစုံနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို "အကျိုးတူစနစ်ဖြင့် (၅)ထပ်တိုက်အဆောက်အဦ ဆောက်လုပ်ရန် သဘောတူ စာချုပ်" အရ လုပ်ငန်းလက်ခံသူ (ကန်ထရိုက်တာ) ဖြစ်သူ ဦးလှမြင့်ဦး [၆/ထဝန(နိုင်)၀၆၃၅၇၇] မှ မိမိလက်ဝယ်ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြည်စိုး [၈/ဂဂန(နိုင်)၀၄၃၀၆၂ ]မှ စိတ်ချယုံကြည်စွာဖြင့် အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်သူများရှိပါက ကျွန်ုပ်ထံသို့ ဤကြေညာပါရှိသည့် နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှန်းလဲ့ရည် (LL.B, DBL)**
**အထက်တန်းရှေ့နေ (စဉ်–၅၃၁၆၇)**
**အမှတ် (၁၁၄)၊ ဌာနလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၆၅၀၁၉၄**

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာမ ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို ၏ မိခင်ဖြစ်သူ ဒေါ်ယဉ်ငွေ သည် ၃-၈-၂၀၂၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**အရာထမ်း/အမှုထမ်းများ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

ဦးကျော်ကောင်းချို(ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါက်တာအေးသီတာဝင်း (တွဲဖက်ပါမောက္ခ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်)၏ မိခင်ကြီး ဒေါ်ယဉ်ငွေသည် ၃-၈-၂၀၂၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်ကြောင်းကြား သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဒေါ်ယဉ်ငွေ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန်၊ တံခွန်တိုင် ဒါယိကာမကြီး**
## ဆရာမ ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းနေ ဒေါက်တာဦးမောင်မောင်ချို၏ ချစ်လှစွာသော ဇနီး၊ ဦးကျော်ကောင်းချို (ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါက်တာအေးသီတာဝင်း(တွဲဖက်ပါမောက္ခ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်)တို့၏ ကျေးဇူးရှင် မိခင်ကြီး (အ.ထ.က-၁၊ စမ်းချောင်း)၊ အထက်တန်းပြဆရာမ(ငြိမ်း) ဒေါ်ယဉ်ငွေ သည် ၃-၈-၂၀၂၆ ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း၊ ကွယ်လွန်သူ ဆရာမကြီး ဒေါ်ယဉ်ငွေ ကောင်းရာသုဂတိ ဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

**ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ**
**တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို-ဒေါက်တာ အေးသီတာဝင်း တို့၏ မိခင်ကြီး ဒေါ်ယဉ်ငွေသည် ၃-၈-၂၀၂၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဒေါ်ယဉ်ငွေ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**တည်ဆောက်ရေးအဖွဲ့(၃)**
**တံတားအထူးအဖွဲ့(၉)(၁၀)(၁၁)(၁၂)၊ တံတားဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို-ဒေါက်တာ အေးသီတာဝင်း တို့၏ မိခင်ကြီး ဒေါ်ယဉ်ငွေသည် ၃-၈-၂၀၂၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဒေါ်ယဉ်ငွေ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**တည်ဆောက်ရေးအဖွဲ့(၄)**
**တံတားအထူးအဖွဲ့(၁၃)(၁၄)(၁၅)(၁၆)၊ တံတားဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို-ဒေါက်တာ အေးသီတာဝင်း တို့၏ မိခင်ကြီး ဒေါ်ယဉ်ငွေသည် ၃-၈-၂၀၂၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဒေါ်ယဉ်ငွေ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**ဦးသက်ဝေအောင်- ဒေါ်သင်းသင်းမျိုး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို-ဒေါက်တာ အေးသီတာဝင်း တို့၏ မိခင်ကြီး ဒေါ်ယဉ်ငွေသည် ၃-၈-၂၀၂၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဒေါ်ယဉ်ငွေ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**တံတားဦးစီးဌာန မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို-ဒေါက်တာ အေးသီတာဝင်း တို့၏ မိခင်ကြီး ဒေါ်ယဉ်ငွေသည် ၃-၈-၂၀၂၆ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဒေါ်ယဉ်ငွေ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**တည်ဆောက်ရေးအဖွဲ့(၁)**
**တံတားအထူးအဖွဲ့(၁)(၂)(၃)(၄)၊ တံတားဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

တံတားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို-ဒေါက်တာ အေးသီတာဝင်း တို့၏ မိခင်ကြီး ဒေါ်ယဉ်ငွေသည် ၃-၈-၂၀၂၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဒေါ်ယဉ်ငွေ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**တည်ဆောက်ရေးအဖွဲ့(၂)**
**တံတားအထူးအဖွဲ့(၅)(၆)(၇)(၈)၊ တံတားဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

ဦးကျော်ကောင်းချို(ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါက်တာအေးသီတာဝင်း (တွဲဖက်ပါမောက္ခ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်)၏ မိခင်ကြီး ဒေါ်ယဉ်ငွေသည် ၃-၈-၂၀၂၆ ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်ကြောင်းကြား သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ကွယ်လွန်သူ ဒေါ်ယဉ်ငွေ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**
**အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသစ်လွင်
**ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ်များ**
**လှေလှော်အသင်းသားဟောင်းများအသင်း**
## အသက်(၇၂)နှစ်

YUBC-OMA ၏ ဒုတိယဥက္ကဋ္ဌ ဆရာ ဦးသစ်လွင်(Gold)၊ YUBC-OMA ၏ ဥပဒေအကြံပေး ဒေါ်ခင်မမ ၏ ခင်ပွန်းဖြစ်သူသည် ၂-၈-၂၀၂၆ရက် (တနင်္ဂနွေနေ့) ညနေ ၄:၀၂ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဆရာဦးသစ်လွင် ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့နှင့်**
**အသင်းသားဟောင်းများ**
**ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်းသားဟောင်းများအသင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၈၁၈/၁၄၂၅၊ မြေကွက်တည်နေရာအမှတ်(၁၄၂၅)၊ သခင်ဖိုးလှကြီးလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစံလင်း(AB-၀၇၅၈၅၅)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစံလင်းအား(တရားပြိုင်)ထားကာ ဒေါ်နန်းအေးအောင်မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၌ တရားမကြီးမှုအမှတ်-၉၆/၂၀၂၅ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၃-၅-၂၀၂၅)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့်တရားမဇာရီမှုအမှတ်-၁၀၃/၂၀၂၅တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်လွဲလွဲခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]မှ ဂရန်၊ နိုင်/ကတ်၊ တရားရုံးအမိန့်များ၊ တရားရုံးဘီလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန်၊ တံခွန်တိုင် ဒါယိကာမကြီး
## ဆရာမ ဒေါ်ယဉ်ငွေ
## အသက် (၈၀) နှစ်

ရန်ကုန်မြို့၊ 30 JL Inya Residence၊ အင်းလျားလမ်းနေ ဒေါက်တာမောင်မောင်ချို (ဆေး - ၂၊ ဆေးသုတေသနဦးစီးဌာန၊ Associate Professor, IIUM Malaysia) ၏ ချစ်လှစွာသောဇနီး၊ ဦးကျော်ကောင်းချို (ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန) - ဒေါက်တာအေးသီတာဝင်း၊ တွဲဖက်ပါမောက္ခ (ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်)၊ (နယ်စပ်ရေးရာဝန်ကြီးဌာန)၊ ဦးအောင်ကျော်သာ - ဒေါ်မြတ်ပွင့်ချိုတို့၏ မိခင်၊ Leon ရဲရင့်အောင်၏ ချစ်လှစွာသော အဘွား၊ အ.ထ.က(၁)စမ်းချောင်း၊ အထက်တန်းပြ ဆရာမ(ငြိမ်း)ဖြစ်သူ ဒေါ်ယဉ်ငွေသည် ၃-၈-၂၀၂၆ ရက် မွန်းလွဲ ၁၂:၃၀ အချိန်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၅-၈-၂၀၂၆ ရက်၊ မွန်းလွဲ ၂:၀၀ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဝမ်းနည်းစွာဖြင့် မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီ ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၂၆(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအတွင်း အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန်၊ တန်ခွန်တိုင် ဒါယိကာမကြီး**
## ဆရာမ ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ 30 JL Inya Residence၊ အင်းလျားလမ်းနေ ဒေါက်တာမောင်မောင်ချို (ဆေး-၂၊ ဆေးသုတေသနဦးစီးဌာန၊ Associate Professor, IIUM Malaysia)၏ ချစ်လှစွာသော ဇနီး၊ ဦးကျော်ကောင်းချို(ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါက်တာအေးသီတာဝင်း(တွဲဖက်ပါမောက္ခ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်)၊ ဦးအောင်ကျော်သာ-ဒေါ်မြတ်ပွင့်ချိုတို့၏ မိခင်၊ Leon ရဲရင့်အောင်၏ ချစ်လှစွာသော အဘွား၊ အ.ထ.က(၁)စမ်းချောင်း၊ အထက်တန်းပြဆရာမ(ငြိမ်း)ဖြစ်သူ ဒေါ်ယဉ်ငွေသည် ၃-၈-၂၀၂၆ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြကွဲရပါသည်။

**ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးသင်တန်း**
**အမှတ်စဉ်(၁)အောက်မြန်မာပြည်မှ**
**သင်တန်းဆင်းမောင်နှမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန်၊ တံခွန်တိုင် ဒါယိကာမကြီး**
**အထက်တန်းပြဆရာမ(ငြိမ်း)၊ အ.ထ.က(၁)စမ်းချောင်း**
## ဆရာမ ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းနေ ဒေါက်တာဦးမောင်မောင်ချို၏ ချစ်လှစွာသော ဇနီး၊ ဦးကျော်ကောင်းချို(ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါက်တာ ဒေါ်အေးသီတာဝင်း(တွဲဖက်ပါမောက္ခ၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်၊ ရန်ကုန်)တို့၏ ကျေးဇူးရှင် မိခင်ကြီး ဆရာမ ဒေါ်ယဉ်ငွေ သည် ၃-၈-၂၀၂၆ရက်(တနင်္လာနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)၊**
**ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)များနှင့် ဝန်ထမ်းများ**
**တည်ဆောက်ရေးအဖွဲ့(၂)၊**
**တံတားအထူးအဖွဲ့ (၅/၆/၇/၈)၊ တံတားဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန်၊ တံခွန်တိုင် ဒါယိကာမကြီး**
**အထက်တန်းပြဆရာမ(ငြိမ်း)၊ အ.ထ.က(၁)စမ်းချောင်း**
## ဆရာမ ဒေါ်ယဉ်ငွေ
## အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်းနေ ဒေါက်တာဦးမောင်မောင်ချို၏ ချစ်လှစွာသော ဇနီး၊ ဦးကျော်ကောင်းချို(ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါက်တာ ဒေါ်အေးသီတာဝင်း(တွဲဖက်ပါမောက္ခ၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်၊ ရန်ကုန်)တို့၏ ကျေးဇူးရှင် မိခင်ကြီး ဆရာမ ဒေါ်ယဉ်ငွေ သည် ၃-၈-၂၀၂၆ရက်(တနင်္လာနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)၊**
**ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)များနှင့် ဝန်ထမ်းများ**
**တည်ဆောက်ရေးအဖွဲ့(၃)၊**
**တံတားအထူးအဖွဲ့(၉/၁၀/၁၁/၁၂)၊ တံတားဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၃၂/B၊ မြေကွက်အမှတ်-၅၆၀၊ ဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်တည်နေရာအမှတ်-၅၆၀၊ ခရေလမ်း၊ ပုလဲ(၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဦးတင့်ခိုင်[၈/မတန(နိုင်)၀၀၀၁၇၇]၊ ဒေါ်ဝင်းကြည်[၁၂/မဂဒ(နိုင်)၀၀၇၉၅၃]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် (၁)ဦးဖြစ်သူ ဒေါ်ဝင်းကြည်(မိခင်)သည် (၉-၁၂-၂၀၂၅)ရက်နေ့တွင်လည်းကောင်း၊ ဦးစိုးမြင့်(ဖခင်)သည်(၁၉-၉-၂၀၀၃)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြပါသဖြင့် သားသမီးများဖြစ်ကြသော ဦးဇော်နိုင်ဦး[၁၂/မဂဒ(နိုင်)၀၀၁၆၃၄]၊ ဒေါ်နှင်းယုအေး[၁၂/မဂဒ(နိုင်)၀၄၄၁၄၇]တို့မှ သားသမီးအရင်းများတော်စပ်ကြောင်း၊ အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံကိတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိကြောင်း၊ မိမိတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့် အားလျော်စွာ မိဘများကွယ်လွန်ကြပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အနက်မှ ကွယ်လွန်သူ မိခင်ဒေါ်ဝင်းကြည်၏ ပိုင်ဆိုင်ခွင့်အစုအား ကျန်ရစ်သူသားသမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ (၂)ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ပန်းဘဲတန်းမြို့နယ်တရားရုံး၏ (၂၄-၄-၂၀၂၆)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်-၄၂၀၁၊ အသိသက်သေ(၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင့်ခိုင်[၈/မတန(နိုင်)၀၀၀၁၇၇]နှင့်ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံတော် ချမ်းသာဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။





## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၄

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဖူဆယ်ဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ" ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပလျက်ရှိရာ ယနေ့ အုပ်စုပတ်လည်ပွဲစဉ်တွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၁၆ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ☆

## အင်္ဂလန်ကွင်းလယ်ကစားသမား ဟန်ဒါဆန် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့

အင်္ဂလန်ကွင်းလယ်ကစားသမား ဟန်ဒါဆန်ဟာ ချယ်လ်ဆီးအသင်းသို့ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့လိုက်ပြီဖြစ်ပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိ အန်ဒါဆန်ဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှာ လီဗာပူးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာဖြစ်ပြီး ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ယူအီးအက်ဖ်အေ စူပါဖလား၊ ဖီဖာကလပ် ကမ္ဘာ့ဖလားတို့ကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။




ဟန်ဒါဆန်ဟာ ၂၀၂၃ ခုနှစ်က ဆော်ဒီအာရေဗျကလပ် အယ်လ်အက်တီဖက် အသင်းဆီ

စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ❖



ရန်ကုန်စီးတီးအသင်းနှင့် ဟွာဟင်းစီးတီးအသင်းတို့ ခြေစမ်းကစားနေစဉ်။

## ထိုင်းနိုင်ငံ၌လေ့ကျင့်နေသည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်စီးတီးအသင်း ခြေစမ်းပွဲများ ဆက်လက်ကစား

ရန်ကုန် ဩဂုတ် ၄

လာမည့်ရာသီအတွက် လေ့ကျင့်ပြင်ဆင်နေသည့်အနေဖြင့် ထိုင်းနိုင်ငံ၌ လေ့ကျင့်နေသည့် ရန်ကုန်စီးတီးအသင်းသည် ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ် ၂ ရက်တို့တွင် ခြေစမ်းပွဲများ ဆက်လက်ကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂

## အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲတွင် မြန်မာအသင်း လာအိုကို အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ယူ

ရန်ကုန် ဩဂုတ် ၄

၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စု (B) ပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် လာအိုလက်ရွေးစင်အသင်းတို့ ဩဂုတ် ၄ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်အသင်းက ခုနစ်ဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာ့ လက်ရွေးစင်အသင်းသည် အိမ်ကွင်း၌ လာအိုအသင်းကို ခုနစ်ဂိုးအထိ သွင်းယူကာ ဂိုးပြတ်သွင်းယူပြီး ဒုတိယမြောက် နိုင်ပွဲရယူနိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်း၏ အကောင်းဆုံးပုံစံကို ဆက်လက်

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ✻



မြန်မာအသင်းအတွက် ဒုတိယဂိုးကို တိုက်စစ်မှူး ဝင်းနိုင်ထွန်းက လာအိုနောက်ခံလူများ ပိတ်ဆို့ထားသည့်ကြားမှ သွင်းယူစဉ်။

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဧရာဝတီအသင်း ဂိုးပြတ်အနိုင်ရ




ဧရာဝတီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသော ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၈) ဒုတိယနေ့ကို ဩဂုတ် ၄ ရက်က YUSC ကွင်း၌ကျင်းပရာ လက်ရှိချန်ပီယံ ဧရာဝတီအသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ဧရာဝတီအသင်းအတွက် မခက်ခဲသည့်နိုင်ပွဲတစ်ပွဲဖြစ်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲနှင့်အတူ ထိပ်ဆုံးမှ အား/ကာသိပ္ပံအသင်းကို ဆက်လက်ဖိအားပေးလျက်ရှိသည်။ ရန်ကုန်စီးတီးအသင်းသည် လက်ရွေးစင်ကစားသမားအများစုနှင့် ပြည်ပကစားသမားများ ပါဝင်သော ဧရာဝတီအသင်းကို ယှဉ်ကစားနိုင်ရန် ကြိုးပမ်းသော်လည်း အရှုံးနှင့် ထပ်မံရင်ဆိုင်ခဲ့ရသည်။ ဧရာဝတီအသင်း ပွဲထွက်လူစာရင်းတွင် မေထက်လူနှင့် စန်းသော်သော်တို့ ပြန်ပါလာပြီး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။

၂၃ မိနစ်တွင် တိုက်စစ်မှူး မေထက်လူက ဧရာဝတီအသင်းအတွက် ဂိုးစတင်သွင်းယူနိုင်သော်လည်း နောက်ပိုင်းတွင် ဂိုးရရန် ရှန်းကန်ရသဖြင့် မိနစ် ၆၀ ကျော်မှ ဂိုးထပ်ရခဲ့သည်။ ၆၂ မိနစ်တွင် ဘင်္လားဒေ့ရှ် လက်ရွေးစင် ရီတူက ဧရာဝတီအသင်းအတွက် ဒုတိယဂိုးထပ်သွင်းပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ■

### ယနေ့ဖတ်စရာ

မှိုစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် စီးပွားရေးအလားအလာ ဆောင်းပါး စာမျက်နှာ » ၁၀

နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လက်နက်၊ ခဲယမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ စာမျက်နှာ » ၁၅